ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော)လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။ လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၀ ပြည့်နှစ် တပေါင်းလပြည့်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 20 March 2019 ၉၅၉၆

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂)၊ ၂၃၀ ကေဗွီ မော်လမြိုင်- မြဝတီ ဓာတ်အားလိုင်းနှင့် မြဝတီ ပင်မဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**မြဝတီ မတ် ၁၉**

ကရင်ပြည်နယ် ဘားအံမြို့၌ ရောက်ရှိနေသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် ရဟတ်ယာဉ်ဖြင့် မြဝတီမြို့သို့ ရောက်ရှိပြီး မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် ဖွင့်လှစ်ပေးသည်။

**နှစ်နိုင်ငံပြည်သူများ တက်ရောက်**

အဆိုပါအခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီး၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ငြိမ်းချမ်းရေးကိုယ်စားလှယ်များ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မြန်မာ-ထိုင်း နှစ်နိုင်ငံပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲမစတင်မီ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယုဒ်ချန်အိုချာတို့သည် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား စီမံကိန်း ရှင်းလင်းဆောင်၌ တွေ့ဆုံကြပြီး နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယုဒ်ချန်အိုချာတို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂) တည်ဆောက်ပြီးစီးခြင်း အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြစဉ်။ ဓာတ်ပုံ-သက်အောင်

**ချစ်ကြည်ရေးတံတား တည်ဆောက်လိုက်ခြင်းကြောင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ယဉ်ကျေးမှုဖလှယ်ရေးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဒေသတွင်းကုန်သွယ်ရေးနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုကဏ္ဍရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုကျယ်ပြန့်လာစေမည်**

**ကြေးမုံ သတင်းအညွှန်း**

## ဂျပန်ကေရာဇ်ဘုရင် နန်းတက်ပွဲအခမ်းအနား အောက်တိုဘာလတွင် ကျင်းပမည်

စာမျက်နှာ » ၁၂

## တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခု၌ ထာဝရငြိမ်းချမ်းရေး ဓမ္မသဘင်ပွဲများ ကျင်းပမည်

စာမျက်နှာ » ၆



ကြေးမုံ

# တပေါင်းလပြည့်နေ့၏ ဓမ္မရေစီးကြောင်း

တပေါင်းလကို စာဆိုတော်များက "နွေဦးဆန်းစ တပေါင်းလ" ဟု ဆိုကြသည်နှင့်အညီ အေးချမ်းသည့် ဆောင်းရာသီကာလ ကုန်ဆုံးပြီးနောက် ပူပြင်းသည့် နွေဦးကာလသို့ စတင်ရောက်ရှိပြီဖြစ်သည်။ နွေဦးကာလသို့ရောက်သည်နှင့် မြန်မာလူမျိုးတို့၏ ထုံးတမ်းစဉ်လာ လူထုယဉ်ကျေးမှုများလည်း ပေါ်ပေါက်လာပါသည်။

ကျောင်းပိတ်ရာသီကာလ ပူပြင်းသော နွေကာလသို့ရောက်သည်နှင့် ရပ်တိုင်း၊ ရွာတိုင်း၊ မြို့တိုင်းတွင် အလှူမင်္ဂလာမှ ပွဲသံများကြားလာရပါသည်။ ယင်းတို့သည် ကောင်းမွန်သော မြန်မာတို့၏ လူထုယဉ်ကျေးမှု ဖြစ်သည်။ တပေါင်းလသည် မိန်ရာသီဖြစ်ပြီး အင်ကြင်းပန်း၊ သရဖီပန်းတို့ပွင့်သောလ ဖြစ်သည်။ ရှေးက သဲပုံစေတီပွဲ ပူဇော်ကျင်းပကြပြီး ယခုအခါ တိမ်မြုပ်ပျောက်ကွယ်သွားပြီ ဖြစ်သည်။

မြန်မာတို့သည် တပေါင်းလကို လများ၏သခင်ဟု အထွတ်တင်သကဲ့သို့ ရှေးစာဆိုတို့က ဝသန္တရတုတို့၏ ရတုဘုရင်ဟု ဆိုကြသည်။ တပေါင်းလတွင်ပွင့်သော အင်ကြင်းပန်းမှာ ဗုဒ္ဓဘာသာဝင်တို့အတွက် အလွန်လေးနက်သောပန်း ဖြစ်သည်။ အကြောင်းကား ဗုဒ္ဓမြတ်စွာဘုရား စတင်ဖွားမြင်တော်မူရာနှင့် အဆုံးသတ် ပရိနိဗ္ဗာန်စံဝင်တော်မူရာ နေရာသည် အင်ကြင်းတော ဖြစ်သည်။

မြန်မာတို့၏ ဆယ့်နှစ်လရာသီတွင် ဘာသာရေးပွဲတော်များ၊ ဘာသာရေးအထိမ်းအမှတ်များ အသီးသီးရှိကြသည့်အနက် တပေါင်းလပြည့်နေ့၏ ထူးခြားသောနေ့ထူးနေ့မြတ်တစ်နေ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးမှအစ အမှုးပြုသည့် ဘုရားစေတီတော်မြတ်များတွင် ဗုဒ္ဓပူဇနိယပွဲတော်များ ကျင်းပကြခြင်းဖြစ်သည်။ ထိုတွင် တိမ်မြုပ်နေသော မမေ့အပ်သည့်နေ့ထူးတစ်နေ့ကိုလည်း သတိရကြရမည်ဖြစ်သည်။

ထိုနေ့သည်ကား တပေါင်းလပြည့်နေ့ မြတ်ဗုဒ္ဓပြည်တော်ဝင် အခါတော်နေ့ဖြစ်သည်။ တပေါင်းလပြည့် ပြည်တော်ဝင်အခါတော်နေ့သည် ကာဠုဒါယီမထေရ်က မြတ်ဗုဒ္ဓကို ကပိလဝတ်ရွှေမြို့တော်သို့ ကြွရောက်တော်မူပါရန် လျှောက်ထားသည့်နေ့သည် မဟာသက္ကရာဇ် ၁၀၃ ခု၊ တပေါင်းလပြည့်နေ့ ဖြစ်ပါသည်။ ထိုစဉ်က တပေါင်းလသည် မပူလွန်း၊ မအေးလွန်း မျှတသောရာသီဥတုရှိသည့်ကာလ ဖြစ်သည်။ ဥဒေါင်းငှက်အပေါင်းတို့ ပျော်မြူးတွန်ကျူးသံ၊ တောပန်း၊ တောင်ပန်းတို့ ဖူးပွင့်ဝေဆာရောင်စုံဖြာသော သဘာဝအလှများနှင့်ပြည့်စုံသည့် တပေါင်းလသည် ဒေသစာရီကြွချီတော်မူရန် သင့်လျော်ပါကြောင်း လျှောက်ထားခဲ့သည်။

မထေရ်၏လျှောက်ထားချက်ကို မြတ်ဗုဒ္ဓက လက်ခံတော်မူပြီး တပေါင်းလပြည့်ကျော် တစ်ရက်နေ့တွင် ရဟန္တာ နှစ်သောင်းခြံရံကာ ရာဇဂြိုဟ်မြို့မှ စတင်ထွက်ခွာခဲ့သည်။ တစ်နေ့လျှင် တစ်ယူဇနာခရီးဖြင့် ယူဇနာ ၆၀ ကို ရက်ပေါင်း ၆၀ ကြာကြွချီခဲ့ရာ မဟာသက္ကရာဇ် ၁၀၄ ခု ကဆုန်လပြည့်ကျော် တစ်ရက်နေ့တွင် ကပိလဝတ်ရွှေမြို့တော်သို့ ဆိုက်ရောက်တော်မူသည်။ ကပိလဝတ်သည် သာသနာသမိုင်းတွင် တတိယမြောက် သာသနာထွန်းကားရာ မြို့ဖြစ်လာသည်။ ထိုသို့ တပေါင်းလပြည့်နေ့မှအစပြုသည့် သာသနာ့ပြည်တော်ဝင်အခါသမယနေ့ကို မမေ့မလျော့ အာရုံပြုကြရမည်ဖြစ်သည်။

မြန်မာလူမျိုးများအား ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ စင်ကြယ်ကြံ့ခိုင်ကာ အဆင့်အတန်းမြင့်၍ ပွဲလယ်တင့်စေရန်၊ လောကီ လောကုတ္တရာ နှစ်ဌာနစလုံး၌ ကောင်းကျိုးဖြစ်ထွန်းစေရန် လမ်းမှန်ညွှန်ပြပေးသည့် လမ်းပြဓမ္မသည် မြန်မာတို့၏နှလုံးသားထဲသို့ ထိုကဲ့သို့သော ထူးခြားသည့် အခါတော်နေ့များမှတစ်ဆင့် စီးဆင်းဝင်ရောက်စေပါသည်။ အဘိဓမ္မာအခါတော်နေ့၊ မေတ္တာအခါတော်နေ့များရှိသကဲ့သို့ တပေါင်းလပြည့်နေ မြတ်ဗုဒ္ဓ၏ ပြည်တော်ဝင်အခါတော်နေ့ကိုလည်း မမေ့သင့်ပါချေ။

သို့ဖြစ်ရာ မြတ်ဗုဒ္ဓ၏ နေ့ထူးတစ်နေ့ဖြစ်သည့် တပေါင်းလပြည့်နေ့တွင် ဓမ္မရေစီးကြောင်းများ ရှင်သန်စီးဆင်းစေရေးအတွက် မြတ်ဗုဒ္ဓအား ရည်စူး၍ ကုသိုလ်ကောင်းမှုများ ပွားများအားထုတ်ခြင်းဖြင့် မိမိတို့၏ဘဝအဆင့်ကို မြှင့်တင်ကြရမည် ဖြစ်ပါကြောင်း။ ။


MYANMAR Digital News
Presented by NPE
www.mdn.gov.mm



ပြန်ကြားရေးဝန်ကြီးဌာန ၊ ပညာရေးဝန်ကြီးဌာန နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော



ကလေးစာပေပွဲတော်

စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( ပဲခူးမြို့ )



၂၀၁၉ ခုနှစ် ၊ မတ်လ (၂၈၊ ၂၉၊ ၃၀)ရက်၊ (ကြာသပတေး၊ သောကြာ၊ စနေ)နေ့ ၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ
မည်သူမဆို ဝင်ရောက်ဆင်နွှဲနိုင်ပါသည်။

ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၊ ပဲခူးမြို့


## ဆက်သွယ်စုံစမ်းနိုင်

သတင်းစာ မှာယူခြင်း၊ ကိုယ်စားလှယ် လျှောက်ထားခြင်းနှင့် ကြော်ငြာများထည့်သွင်းခြင်း ကိစ္စများအတွက် သိရှိလိုပါက အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့အလင်း
၀၉-၄၄၂၅၅၀၇၆၄

ကြေးမုံ
၀၉-၂၅၀၁၈၉၂၇၇

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် DaNa Facility Empowering Enterprise ၏ Senior Technical Adviser, Dr. Peter Brimble နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၁၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် DaNa Facility Empowering Enterprise ၏ Senior Technical Adviser, Dr. Peter Brimble နှင့်အဖွဲ့အား ယမန်နေ့ ညနေ ၃ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒုတိယသမ္မတဦးမြင့်ဆွေ ဦးဆောင်ပြီး လစဉ်ကျင်းပနေသည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အစည်းအဝေးများ ပိုမိုထိရောက်စေရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ပူးပေါင်းဆောင်ရွက်သွားရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာစေရေးနှင့် အစိုးရ-ပုဂ္ဂလိက တွေ့ဆုံဆွေးနွေးပွဲများ (Private – Public Dialogue) များ ဖြစ်ပေါ်လာစေရေးအတွက် ပုဂ္ဂလိကကဏ္ဍအား တွန်းအားပေးဆောင်ရွက်သွားနိုင်ရေးအတွက် DaNa Facility မှ ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှုခင်းဆိုင်ရာ ခြေရာကောက်သင်တန်းနှင့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် မတ် ၁၉**

ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံးတို့မှ တရားရေးအရာရှိများနှင့် တရားရုံးဝန်ထမ်းများ၏ မှုခင်းဆိုင်ရာ ခြေရာကောက်သင်တန်း (Case Tracking Database) နှင့် မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၈ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးလှအေးက သင်တန်းဆင်း အမှာစကားပြောကြားပြီး ထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ ရုံးအဖွဲ့မှူး၊ တရားရေးအရာရှိများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မတ် ၁၉**

ရန်ကုန်(ရွှေဈေး) ၁၀၆၅၀၀၀ - ၁၀၆၅၀၀၀ မန္တလေး(ရွှေဈေး) ၁၀၆၅၀၀၀ - ၁၀၆၅၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၁၀/၉၇၅ ကျပ် | ၉၈၀/၉၉၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၃၀/၈၇၅ ကျပ် | ၉၂၅/၉၄၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၃၀/၈၀၀ ကျပ် | ၈၄၀/၈၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၂၀/၉၈၅ ကျပ် | ၉၉၅/၁၀၀၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၀၀/၉၂၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၁၀/၉၃၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၉၅/၈၀၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၄၂.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၅၀.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၉.၆၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၈.၆၉၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၇၈.၅၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၂.၃၉၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၈၅.၈ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၆.၅၁ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၄.၅ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၄၁.၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**


ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဉ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀) ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 ၁၉၅၇ ခုနှစ် ဇူလိုင် ၁ ရက် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၁၊ ကြော်ငြာ ၀၁-၃၉၇၃၃၁၊ ဖက်စ် ၀၁-၂၉၉၄၂၇



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယုဒ်ချန်အိုချာ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ မြန်မာ-ထိုင်း နှစ်နိုင်ငံ ဝန်ကြီးများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

**ယခုတံတားသည် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံကို ဖြတ်ကျော်လျက် အရှေ့အနောက် စီးပွားရေးစင်္ကြံတစ်လျှောက်ရှိ အရှေ့တောင်အာရှနိုင်ငံများကို ဆက်သွယ်ပေးမည့်အစိတ်အပိုင်းတစ်ခု ဖြစ်လာလိမ့်မည်ဟု ယုံကြည်။**

**ယခုတည်ဆောက်ပြီးစီးခဲ့သည့် ချစ်ကြည်ရေးတံတားကြောင့် မြန်မာ-ထိုင်း အမှတ် (၁) ချစ်ကြည်ရေးတံတားပေါ်က ယာဉ်ကြောပိတ်ဆို့မှုများကို ဖြေလျှော့သွားနိုင်မည်ဖြစ်ပြီး ကုန်စည်များ၊ နှစ်နိုင်ငံပြည်သူများ လွတ်လပ်စွာဖြတ်သန်းသွားလာနိုင်ကြမည်**

❖ ရှေ့ဖုံးမှ

ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကိုကျင်းပရာ မြန်မာ-ထိုင်း နှစ်နိုင်ငံမှ ဒေသခံတိုင်းရင်းသားများက ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး တံတားစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော Video Presentation ကို ပြသသည်။

ယင်းနောက် ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး Mr. Arkhom Termp-ittayapaisith က စီမံကိန်းဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။

**ထင်ဟပ်ဖော်ပြလျက်ရှိ**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား တည်ဆောက်မှုပြီးစီးခြင်း အထိမ်းအမှတ်အခမ်းအနားကို ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယုဒ်ချန်အိုချာနှင့်အတူ တက်ရောက်ခွင့်ရရှိသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ နှစ်ဖက်အဆင့်မြင့်အရာရှိကြီးများအနေဖြင့် ယခုကဲ့သို့ တံတားတည်ဆောက်မှုပြီးစီးခြင်း အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသည်ကို ကြည့်ခြင်းအားဖြင့် နှစ်နိုင်ငံအကြားဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို နှစ်ဖက်စလုံးက အလေးထားသည်ကို ထင်ဟပ်ဖော်ပြလျက်ရှိပါကြောင်း။

ချစ်ကြည်ရေးတံတားကို နှစ်ဖက်သက်ဆိုင်ရာအာဏာပိုင်များနှင့် ပြည်သူများ၏ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်မှုများနှင့် ကြိုးပမ်းအားထုတ်မှုများကြောင့် အောင်မြင်စွာ တည်ဆောက်ပြီးစီးနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအောင်မြင်မှုရလဒ်သည် နှစ်နိုင်ငံပြည်သူများ၏ စည်းလုံးညီညွတ်မှုနှင့် တညီတညွတ်တည်းရှိမှုကို ပြသသည့်အပြင် နှစ်ဖက်အပြန်အလှန် အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်မှုရှိခြင်း၏ ပြယုဂ်တစ်ခုဟုဆိုနိုင်ပါကြောင်း။

**တန်ဖိုးထားထိန်းသိမ်းနိုင်ခဲ့**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့သည့် ၁၉၄၈ ခုနှစ် ဩဂုတ် ၂၄ ရက်ကစပြီး နှစ်နိုင်ငံအနေဖြင့် ကာလရှည်ကြာစွာ တည်ရှိခဲ့သည့် ချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှုနှင့် အပြန်အလှန်နားလည်မှုတို့ကို တန်ဖိုးထား ထိန်းသိမ်းနိုင်ခဲ့ကြပါကြောင်း၊ ပြီးခဲ့သည့်နှစ်အတွင်းက သံတမန်ဆက်သွယ်မှုနှစ်(၇၀) ပြည့်မြောက်ခဲ့သည့် အခမ်းအနားများကို ကျင်းပခဲ့ပြီး နှစ်နိုင်ငံအကြား ဆက်ဆံရေးကိုလည်း သဘာဝအလျောက် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး (Natural Strategic Partnership) အဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ပါကြောင်း၊ မိမိတို့သည် အိမ်နီးချင်းနိုင်ငံ နှစ်နိုင်ငံ၏ ဆက်ဆံရေးကို များစွာအလေးထားကြောင်းကို ပြောကြားလိုပါကြောင်း၊ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွား ပိုမိုတိုးမြှင့်နိုင်ရေးအတွက် ထိုင်းနိုင်ငံနှင့် လက်တွဲဆောင်ရွက်ရန် အမြဲအသင့်ရှိပါကြောင်း။

အခွင့်ကြုံခိုက် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂) ပေါ်ပေါက်လာပုံနှင့် ၎င်း၏ အရေးပါပုံကိုလည်း အနည်းငယ်မျှဝေလိုပါကြောင်း၊ ယင်းတံတားကြီးသည် မိုးအိ/သောင်ရင်းမြစ်ကို ဖြတ်ကျော်ပြီး မြန်မာနိုင်ငံဘက်မှ မြဝတီမြို့နယ်နှင့် ထိုင်းနိုင်ငံဘက်မှ မဲဆောက်မြို့နယ် တာ့ခ်ခရိုင်တို့ကို ဆက်သွယ်ပေးထားသည့် တံတားကြီးတစ်စင်းဖြစ်ပါကြောင်း။

၂၀၁၂ ခုနှစ် မေလအတွင်းက မြန်မာ-ထိုင်း နှစ်နိုင်ငံအဖွဲ့များသည် နယ်စပ်တွင် စတင်ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး ပန္နက်တင်မင်္ဂလာအခမ်းအနားကို ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းက ကျင်းပခဲ့ပါကြောင်း၊ ယခုတံတားကြီး ပြီးစီးရေးအတွက် လေးနှစ်ကြာ အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်ခဲ့မှုများသည် နှစ်နိုင်ငံအကြား ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးပွားလာစေမည်ဖြစ်ပြီး နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကိုလည်း တိုးမြှင့်ဖော်ဆောင်လာစေနိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း။

**တိုးမြှင့်ပေးနိုင်မည်**

ယခုချစ်ကြည်ရေးတံတားသည် နှစ်နိုင်ငံအကြား ရုပ်ပိုင်းဆိုင်ရာပေါင်းစည်းဆက်နွယ်မှုကိုသာမက နှစ်နိုင်ငံပြည်သူများအကြား ထိတွေ့ပေါင်းစည်း ဆက်နွယ်မှုကိုလည်း တိုးမြှင့်ပေးနိုင်မည်ဖြစ်ပါကြောင်း။

ယခုတံတားသည် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံကို ဖြတ်ကျော်လျက် အရှေ့အနောက် စီးပွားရေးစင်္ကြံတစ်လျှောက်ရှိ အရှေ့တောင်အာရှနိုင်ငံများကို ဆက်သွယ်ပေးမည့် အစိတ်အပိုင်းတစ်ခု ဖြစ်လာလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုတည်ဆောက်ပြီးစီးခဲ့သည့် ချစ်ကြည်ရေးတံတားကြောင့် မြန်မာ-ထိုင်း အမှတ် (၁) ချစ်ကြည်ရေးတံတားပေါ်က ယာဉ်ကြောပိတ်ဆို့မှုများကို ဖြေလျှော့သွားနိုင်မည်ဖြစ်ပြီး ကုန်စည်များ၊ နှစ်နိုင်ငံပြည်သူများ လွတ်လပ်စွာ ဖြတ်သန်းသွားလာနိုင်ကြမည်လည်း ဖြစ်ပါကြောင်း။

ချစ်ကြည်ရေးတံတား တည်ဆောက်လိုက်ခြင်းကြောင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ယဉ်ကျေးမှုဖလှယ်ရေးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ဒေသတွင်းကုန်သွယ်ရေးနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုကဏ္ဍရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုကျယ်ပြန့်လာစေမည် ဖြစ်ပါကြောင်း၊ ဒေသတွင်းနိုင်ငံများ၏ သာယာဝပြောမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖော်ဆောင်ပေးနိုင်မည့် ချစ်ကြည်ရေးတံတားဖြစ်ပါကြောင်း။

**အားတက်ဖွယ်တွေ့မြင်ရ**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံအကြား ဆက်ဆံရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများသည် ပြီးခဲ့သည့်နှစ်များအတွင်း အရှိန်အဟုန်ဖြင့် တိုးတက်လာသည်ကို အားတက်ဖွယ်တွေ့မြင်ရပါကြောင်း၊ မိမိတို့ နိုင်ငံများ၏ အစိုးရပိုင်းဆိုင်ရာ အဖွဲ့အစည်းများအကြားတွင်သာမကဘဲ ပုဂ္ဂလိကပိုင်းနှင့် ပြည်သူများအကြားတွင်လည်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုများပြားလာသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းတွင် သာမက ကမ္ဘာနှင့်အဝှမ်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့အတွက် ထိုင်းနိုင်ငံနှင့် အတူတကွ လက်တွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ထပ်လောင်းအတည်ပြု ပြောကြားလိုပါကြောင်း။

**အသိအမှတ်ပြုကျေးဇူးတင်**

မိမိတို့ နှစ်နိုင်ငံအကြား အချိန်ကာလကြာမြင့်စွာ တည်ရှိခဲ့ပြီးဖြစ်သည့် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းသော အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ပေါ်လာရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့် ထိုင်းနိုင်ငံအစိုးရ၏ စေတနာတရားနှင့် ကြိုးပမ်းအားထုတ်မှုများကို မြန်မာနိုင်ငံအနေဖြင့် အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်းနှင့် ယခုတံတားသစ် တည်ဆောက်နိုင်မှုမှ တစ်ဆင့် မိမိတို့နှစ်နိုင်ငံအကြား သာယာဝပြောမှုများ ဆတက်ထမ်းပိုးတိုးတက်ကောင်းမွန်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်က တံတားတည်ဆောက်မှု ပြီးစီးသည့်အပေါ် ဝမ်းမြောက်ကြောင်းနှင့် စီမံကိန်းအောင်မြင်ပြီး တံတားဖွင့်လှစ် အသုံးပြုနိုင်ခြင်းဖြင့် နှစ်နိုင်ငံပြည်သူများအတွက် ရရှိလာမည့် အကျိုးကျေးဇူးများကို ပြောကြားသည်။

**စက်ခလုတ်နှိပ် ဖွင့်လှစ်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယုဒ်ချန်အိုချာတို့သည် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂) တည်ဆောက်ပြီးစီးခြင်း အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ မြန်မာ-ထိုင်း နှစ်နိုင်ငံ ဝန်ကြီးများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကရင်ပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ နယ်စပ်ကုန်သွယ်ရေးထိန်းချုပ်မှုစခန်း (မြဝတီ)၌ တွေ့ဆုံသည်။

စာမျက်နှာ ၄ သို့ ○





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်တို့ ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ မြဝတီပင်မဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြစဉ်။

❍ စာမျက်နှာ ၃ မှ

တွေ့ဆုံစဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က စိုက်ပျိုးရေးကဏ္ဍတိုးတက်လာစေရေး၊ မြေယာအမှုတွဲများ အမြန်ပြီးပြတ်စေရေး၊ မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေး၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကျေးရွာများသို့ သွားရောက်၍ ပြည်သူလူထုနှင့် အမှန်တကယ်ထိတွေ့ကာ ပြည်သူလူထု၏ တင်ပြချက်များကို လက်တွေ့ကျကျ ဖြေရှင်းဆောင်ရွက်ပေးရေး ဆိုင်ရာကိစ္စရပ်များကို မှာကြားသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးမင်းသူ၊ ဦးဝင်းခိုင်၊ ဦးဟန်ဇော်၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂၃၀ ကေဗွီ မော်လမြိုင်- မြဝတီ ဓာတ်အားလိုင်း ၅၅ ဒသမ ၃၄ မိုင်နှင့် ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ မြဝတီပင်မဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့နိုင်ငံ၏ အရေးအကြီးဆုံးအချက်နှစ်ချက်မှာ လမ်းပန်းဆက်သွယ်ရေးနှင့်လျှပ်စစ်မီး ရရှိရေးဖြစ်ပြီး မိမိတို့အစိုးရစတင်တာဝန်ထမ်းဆောင်ချိန်မှစ၍ သတ်မှတ်ခဲ့သည့်ကိစ္စဖြစ်ပါကြောင်း၊ လျှပ်စစ်မီးလင်းရေးဆိုသည်မှာ နေဝင်သွားသည့်အချိန်တွင် မီးလင်းရုံကိစ္စအတွက်သာ မဟုတ်ပါကြောင်း၊ ယင်းဓာတ်အားများနှင့် မိမိတို့ ပြည်သူများ၏ ဘဝ ပိုမိုဖွံ့ဖြိုးလာအောင် ဦးတည်ခြင်းဖြစ်ပါကြောင်း။

**ချစ်ကြည်ရေးကို ဦးတည်**

နံနက်ပိုင်းက မြဝတီတွင် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားကို သွားရောက်ဖွင့်လှစ်ခဲ့ပါကြောင်း၊ ချစ်ကြည်ရေးတံတားဖွင့်ရခြင်းမှာ ချစ်ကြည်ရေးကို ဦးတည်ပါကြောင်း၊ နှစ်နိုင်ငံအကြားတွင် ပိုမိုချစ်ခင်ရင်းနှီးလာစေရန်၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် မိမိတို့ပြည်သူလူထု၏ဘဝများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာရန် ဖြစ်ပါကြောင်း၊ မိမိတို့ ဘာပဲလုပ်လုပ် အဓိကရည်ရွယ်ချက်မှာ ပြည်သူများ၏ဘဝ တိုးတက်ဖွံ့ဖြိုးရန်အတွက် ဖြစ်ပါကြောင်း၊ တိုးတက်ခြင်းဆိုသည်မှာ ခေတ်နှင့်အညီ ပြောင်းလဲသင့်သည်များအား ပြောင်းလဲနိုင်သည့်အခြေအနေကို ပြောခြင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဓာတ်အားလိုင်းဖွင့်ခြင်းမှာလည်း တိုးတက်မှုပင်ဖြစ်ပါကြောင်း၊ တိုးတက်မှုဆိုသည်မှာ မိမိတို့ပြည်သူများ လျှပ်စစ်မီးရသွားခြင်းသာ မဟုတ်ဘဲ နည်းပညာအားဖြင့် မိမိတို့နိုင်ငံမှ ခေတ်နှင့်အညီ လိုက်မီလာသည့် သဘောကိုလည်း ပြသခြင်းဖြစ်ပါကြောင်း၊ ပြည်သူလူထုမှာ မိမိတို့၏ဘဝကို ပို၍ အကောင်အထည်ဖော်နိုင်သည့် အရည်အချင်းများ ရှိလာရန်ဖြစ်ပါကြောင်း။

**မိမိကိုယ်တိုင်ဖန်တီးမည်**

လွတ်လပ်ရေးမရမီခေတ်က လွတ်လပ်ရေးခေါင်းဆောင်ကြီးများသည် မိမိကြမ္မာကို မိမိကိုယ်တိုင်ဖန်တီးမည်ဆိုသည့် စိတ်ဓာတ်နှင့် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြပါကြောင်း၊ ပြည်သူများအနေဖြင့် ယခုအချိန်တွင် မိမိကံကြမ္မာကို မိမိမည်မျှအထိ ဖန်တီးနိုင်သည့် အရည်အချင်းရှိသလဲဆိုသည်ကို မိမိတို့ပြန်ပြီး သုံးသပ်ရပါကြောင်း၊ မိမိကြမ္မာကို မိမိဖန်တီးနိုင်ရန် အဘက်ဘက်မှ ရှိသင့်ရှိထိုက်သည့် အရည်အချင်းများ၊ ပံ့ပိုးမှုများ ရှိရန်လိုအပ်ပါကြောင်း၊ ပြည်သူများ အလိုအပ်ဆုံးဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးကို မိမိတို့ ဦးစားပေး လုပ်ဆောင်နေခြင်း ဖြစ်ပါကြောင်း။

ယနေ့အခမ်းအနားတွင် အစိုးရ၊ လွှတ်တော်၊ ပြည်နယ်အစိုးရလည်း ပါဝင်ပါကြောင်း၊ ယင်းမှာ မိမိတို့နိုင်ငံ၏ ပြည်ထောင်စုသဘောတရား၊ ဒီမိုကရေစီသဘောတရားကို ဖော်ကျူးနေခြင်းဖြစ်ပါကြောင်း၊ ဒီမိုကရေစီသဘောတရားအရ မိမိတို့သည် အစိုးရအုပ်ချုပ်ရေးအပိုင်း၊ လွှတ်တော်ဥပဒေပြုရေးအပိုင်းနှင့် တရားစီရင်ရေးဆိုင်ရာအပိုင်းများ ရှိပါကြောင်း၊ ယင်းမဏ္ဍိုင်ကြီး သုံးခုနှင့် ဒီမိုကရေစီနည်းကျကျ နိုင်ငံတစ်ခု ထူထောင်ရန် ရည်ရွယ်ခြင်းဖြစ်ပါကြောင်း၊ စစ်မှန်သည့် ပြည်ထောင်စုကြီး ပေါ်ပေါက်ရေးဆိုသည်မှာ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ အခြေအနေများကို ပိုမိုခိုင်ခံ့လာအောင်၊ ပြည်သူလူထု၏ လိုအပ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်နေရခြင်းလည်း ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့ရည်ရွယ်ချက်မှာ ပြည်သူလူထု၏ဘဝများ တိုးတက်ဖွံ့ဖြိုးရန်၊ ပြည်သူလူထုသည် ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ်နှင့် ယဉ်ကျေးသိမ်မွေ့သည့် ပြည်သူများအနေဖြင့် ရပ်တည်နိုင်ရန် ဖြစ်ပါကြောင်း၊ ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ်နှင့်ရပ်တည်နိုင်ရန် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အား ရရှိခြင်းဖြင့် မလုံလောက်ပါကြောင်း၊ အဓိကလိုအပ်ချက်မှာ မိမိတို့ပြည်သူများ၏ အရည်အချင်းပင် ဖြစ်ပါကြောင်း၊ ပြည်သူများ၏ အရည်အချင်းဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ အကျိုးဖြစ်ထွန်းမည့် ပညာများသာမက စိတ်ပိုင်းဆိုင်ရာပါ အကျိုးဖြစ်ထွန်းမည့်စိတ်ဓာတ်များ ဖွံ့ဖြိုးတိုးတက်ရန် အားလုံးဝိုင်းဝန်း၍ ကြိုးစားဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း။

တံတားကြီးတည်ဆောက်ရန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရပါကြောင်း၊ နိုင်ငံအတွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရပါကြောင်း၊ ပြည်သူလူထုက လိုလိုလားလား ရှိရပါကြောင်း၊ အားလုံးက မိမိနေရာမှ မိမိတတ်နိုင်သည့်ဘက်က လုပ်ပေးသည့်အခါ စီမံကိန်းကြီးတစ်ခုကို အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့ ဓာတ်အားခွဲရုံကို ဖွင့်ပွဲလုပ်သည်မှာ ဓာတ်အားလိုင်း ဖွင့်ပွဲလုပ်ခြင်းလည်း ဖြစ်ပါကြောင်း၊ ယင်းမှာ မိမိတို့ အမျိုးမျိုးပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပေါ်ပေါက်လာသည့် စီမံကိန်းအောင်မြင်မှုကြီး တစ်ခုဖြစ်ပါကြောင်း။

**၅၀ ရာခိုင်နှုန်း ဖြည့်ဆည်းနိုင်**

မြန်မာနိုင်ငံတွင် လျှပ်စစ်မီးလိုအပ်ချက်မှာ အလွန်များပါကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ယခုနှစ်မတိုင်မီ မြန်မာနိုင်ငံတွင် လိုအပ်ချက် ၅၀ ရာခိုင်နှုန်း ဖြည့်ဆည်းနိုင်သည်အထိ ဆောင်ရွက်သွားမည်ဟု မျှော်လင့်ပါကြောင်း၊ ယင်းကဲ့သို့ ဖြစ်နိုင်မည်ဟု မိမိတို့ယုံကြည်ပါကြောင်း၊ ယခုဓာတ်အားခွဲရုံနှင့်ဓာတ်အားလိုင်း ဖွင့်လှစ်ခြင်းအားဖြင့် ကရင်ပြည်နယ်တွင် လျှပ်စစ်မီးရရှိနိုင်မည့် အိမ်ထောင်စုပေါင်းမှာ ကိုးသောင်းကျော်သွားမည် ဖြစ်ပါကြောင်း၊ ယင်းမှာ တိုးတက်မှုပင်ဖြစ်ပါကြောင်း၊ နေရာတိုင်းနေရာတိုင်းတွင် တိုးတက်အောင် လုပ်နေရခြင်းဖြစ်ပါကြောင်း၊ တစ်တိုင်းပြည်လုံး ပြည်နယ်ခုနစ်ခုနှင့် တိုင်းခုနစ်တိုင်းတွင် လျှပ်စစ်မီးရရှိရေးနှင့်လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်အတွက် လုပ်ဆောင်နေခြင်းဖြစ်ပါကြောင်း။

**အဆင့်အတန်းမီသည်ဟု သုံးသပ်မိ**

ယနေ့လာရောက်သည့်အခါ လမ်းပန်းဆက်သွယ်ရေး အင်မတန် ကောင်းမွန်နေသည်ကို သတိပြုမိပါကြောင်း၊ လမ်းများမှာ ဖြောင့်ဖြူး၍ သွားရလာရ အင်မတန်လွယ်ကူပါကြောင်း၊ အဆင့်အတန်းမီသည်ဟု သုံးသပ်မိပါကြောင်း၊ ဘာပဲလုပ်လုပ် အဆင့်အတန်းမီမီလုပ်ချင်ပါကြောင်း၊ ပေါပေါနှင့်အမြန်ပြီးပြီးရောဆိုပြီး လုပ်မည့်စိတ်ဓာတ်များ မိမိတို့အားလုံးဖျောက်ဖျက်ရန် အင်မတန်အရေးကြီးပါကြောင်း၊ ရေတိုတွင် မြန်မြန်ပြီးပါက အကျိုးအမြတ်ရှိနိုင်သော်လည်း ခံနိုင်ရည်မရှိသည့် စီမံကိန်းများသည် နောက်ဆုံးတွင် အကျိုးထက်အရှုံးပေါ်စေမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများသည် ဖွဲ၊ လုံ့လ၊ ဝီရိယနှင့် နိုင်ငံအပေါ် သစ္စာစောင့်သိပြီး နိုင်ငံ့တိုးတက်ရေးအတွက် အားလုံး လုပ်ပေးစေလိုပါကြောင်း။

စာမျက်နှာ ၅ သို့ ❒




မြဝတီပင်မဓာတ်အားခွဲရုံကို တွေ့ရစဉ်။

❒ စာမျက်နှာ ၄ မှ

လူတိုင်းလူတိုင်း မိမိဘဝ၊ မိမိ မိသားစုအတွက် ရုန်းကန်ရမည်ဖြစ်ပါကြောင်း၊ မိမိဘဝ၊ မိမိ မိသားစုဘဝ ရုန်းကန်ရသည့်အခြေအနေ မည်သို့ရှိနေပါစေ၊ နိုင်ငံအတွက် အစိတ်အပိုင်းတစ်ခုမျှ အမြဲချန်ထားစေလိုပါကြောင်း၊ နိုင်ငံအတွက် အရေးပါသည့် ကိစ္စများရှိသည်ကို စိတ်ထဲတွင် မမေ့ပျောက်စေလိုပါကြောင်း၊ မိမိနှလုံးသား၊ မိမိဦးနှောက်၏ တစ်နေရာတွင် မိမိနိုင်ငံ၊ မိမိရေ၊ မြေသည် မိမိနှင့်အတူ တစ်မြေတည်းနေ တစ်ရေတည်းသောက်နေသည့် ပြည်သူလူထုများအတွက်ဆိုသည့် စိတ်ဓာတ်ကို အမြဲရှင်သန်အောင်ထားစေလိုပါကြောင်း။

**အကျိုးအမြတ်ရှိ**

မိမိနိုင်ငံအကျိုးအတွက် စဉ်းစားမည်ဆိုပါက မှောင်နေသည့် အခန်းတစ်ခန်းတွင် ဖယောင်းတိုင်မီးထွန်းလိုက်သကဲ့သို့ မိမိတစ်ယောက်တည်း လုပ်နိုင်သမျှလုပ်မည်။ သို့သော်လည်း အားလုံးစုပေါင်း၍ လုပ်မည်ဆိုပါက မိမိတို့ လျှပ်စစ်မီးခလုတ်ဖွင့်လိုက်သလို နိုင်ငံတစ်ခုလုံး လင်းပြီးတောက်ပသွားမည်ဖြစ်ပါကြောင်း၊ ယင်းစိတ်ဓာတ်များနှင့် လုပ်စေလိုပါကြောင်း၊ နိစ္စဓူဝ မိမိတို့နိုင်ငံတွင် မည်သို့ပင်ဖြစ်နေဖြစ်နေ မိမိနိုင်ငံ၏ အေးချမ်းသာယာမှု၊ တည်ငြိမ်မှု၊ တိုးတက်မှုအတွက် မိမိတို့ဘာလုပ်ပေးနိုင်သလဲဆိုသည်ကို တစ်နေ့တွင် တစ်ကြိမ်စဉ်းစားပေးမည်ဆိုပါက နိုင်ငံအတွက် အကျိုးအမြတ်များ ရှိမည်ဖြစ်ပါကြောင်း။

ဘာပဲလုပ်လုပ် နိုင်ငံ့အကျိုးအတွက် လုပ်နေသည်ဆိုသည့် စိတ်ဓာတ်နှင့် လုပ်စေလိုသည်ကို အထူးအလေးပေး ထောက်ပြလိုပါကြောင်း၊ မိမိတို့နိုင်ငံသူ နိုင်ငံသားတစ်ယောက်ချင်းသည် မိမိတာဝန် မိမိကျေပွန်မည်ဆိုပါက မီးခလုတ်ကို လွယ်လွယ်နှင့် ဖွင့်လိုက်သကဲ့သို့ မိမိတို့နိုင်ငံမီးလင်းသွားစေရန် စုပေါင်းအင်အားဖြင့် လုပ်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် အရင်က လျှပ်စစ်မီး မရရှိခဲ့ဘဲ ယခုအခါ အဆိုပါဓာတ်အားခွဲရုံကြီးကြောင့် အလင်းရောင်ရသည့်လူများသည် ယင်းကို နှလုံးသွင်းစေလိုပါကြောင်း။

ကရင်ပြည်နယ်တွင် ငြိမ်းချမ်းရေးသည် အရေးကြီးသည်ဟု ပြောနေစရာမလိုတော့ပါကြောင်း၊ ကရင်ပြည်နယ်တွင် ပြည်တွင်းစစ်ဒဏ်ကို နှစ်ပေါင်းများစွာ ဆယ်စုနှစ်ကြာခံခဲ့ရပါကြောင်း၊ ယင်းသို့ခံခဲ့ရသည့်အတွက် ငြိမ်းချမ်းရေး၏ အကျိုးကို အမှန်တကယ် နားလည်နိုင်မည်ဖြစ်ပါကြောင်း၊ ဖြစ်ဖူးမှ တကယ်သိကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ ပြည်သူပြည်သားများသည် ငြိမ်းချမ်းရေးရစေရန်၊ ငြိမ်းချမ်းရေး၏အလင်းရောင် နိုင်ငံအတွင်းသို့ဝင်လာစေရန် တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းပြီး ကြိုးစားပေးကြပါဟု မိမိအနေဖြင့် မေတ္တာရပ်ခံလိုပါကြောင်း။

ယခုစီမံကိန်းကြီး၏ အဓိကအချက်မှာ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အမှောင်ကိုခွင်းပြီး အလင်းကိုရောက်နိုင်သည်ဆိုသည့် အဓိပ္ပာယ်သက်ရောက် သည်ဟု မိမိအနေဖြင့် ပြည်သူလူထုကို တင်ပြလိုပါကြောင်း၊ ယနေ့မှစ၍ ကရင်ပြည်နယ် မြဝတီဘက်တွင် ပြည်သူလူထုအတွက် ပို၍အဆင်ပြေမည့် အလင်းရောင်ဓာတ်အားများ ရရှိသကဲ့သို့ နောင်လာမည့် ရက်များတွင်လည်း ပြည်သူလူထု၏ဘဝများကို အေးဆေးစေမည့် ဘဝများနှင့် လင်းလက်တောက်ပစေမည့် ငြိမ်းချမ်းရေးလည်း အမြန်ဆုံး အပြည့်အဝရပါစေဟု ဆုတောင်းမေတ္တာပို့သပါကြောင်း ပြောကြားသည်။

ထို့နောက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်းများမှ ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြဝတီမြို့ ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်က ကျေးဇူးတင်စကား ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ထို့နောက် ၂၃၀ ကေဗွီ မော်လမြိုင်- မြဝတီ ဓာတ်အားလိုင်း ၅၅ ဒသမ ၃၄ မိုင်နှင့် ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ မြဝတီပင်မဓာတ်အားခွဲရုံအား ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစိုးလှိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ကျန်ခမ်းနှင့် ဦးသန့်ဇင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံတိုင်းရင်းသားများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်တို့သည် ၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ မြဝတီပင်မ ဓာတ်အားခွဲရုံ ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် စီမံကိန်းရှုရပ်မှနေ၍ မြဝတီပင်မဓာတ်အားခွဲရုံအား ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြဝတီမြို့မှ ရဟတ်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးဝန်ကြီး ရာထူးမှနုတ်ထွက်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၀/ ၂၀၁၉**
**၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၄ ရက်**
**(၂၀၁၉ ခုနှစ်၊ မတ်လ ၁၉ ရက်)**
**တိုင်းဒေသကြီးဝန်ကြီး ရာထူးမှနုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (က) နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ (ခ) တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများအား ယင်းတို့၏ သဘောဆန္ဒအလျောက် တိုင်းဒေသကြီး ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည် -

(၁) ဦးဖြိုးဝင်းထွန်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
(၂) ဦးကြည်လှိုင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# နိုင်ငံ့ဂုဏ်ဆောင်တပ်မတော်သား အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၁၉**

(၂၈)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း) များ သေနတ်ပစ်ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်လက်ဝှေ့ပြိုင်ပွဲ၊ (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား အားကစားသမားများနှင့် ရွှေတံဆိပ်ဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ဧည့်ရိပ်သာခန်းမဆောင်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က (၂၈)ကြိမ်မြောက် အာဆီယံနိုင်ငံ တပ်မတော်(ကြည်း) များ သေနတ်ပစ်ပြိုင်ပွဲသည် မိမိတို့တပ်မတော်သားများ အနေဖြင့် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် တစ်ခု၊ ကြေးတံဆိပ် တစ်ခု ဆွတ်ခူးနိုင်ခဲ့သဖြင့် ပြိုင်ပွဲဝင် ၁၀ နိုင်ငံတွင် စတုတ္ထအဆင့်ကို ရရှိသကဲ့သို့ အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်လက်ဝှေ့ပြိုင်ပွဲတွင်လည်း ရွှေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် နှစ်ခုတို့ကို ရယူနိုင်ခဲ့သဖြင့် ပြိုင်ပွဲဝင် ခြောက်နိုင်ငံတွင် တတိယအဆင့်ကိုရရှိခဲ့ကြောင်း၊ ထို့ပြင် (၁၉) ကြိမ်မြောက် အာဆီယံတက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲအား ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ အတွင်း မိမိတို့နိုင်ငံတွင် အိမ်ရှင်အဖြစ်ကျင်းပခဲ့ပြီး မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်သည့် အားကစားသမား ၃၄၂ ဦးအနက် တပ်မတော်သားကိုးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင်လည်း ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် နှစ်ခုတို့ကို ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြကြောင်း၊ တပ်မတော်၏အောင်မြင်မှုသည် နိုင်ငံ၏အောင်မြင်မှုပင်ဖြစ်သည့်အတွက် ယခုကဲ့သို့ ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ပေးခဲ့ကြသည့် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ပေးခြင်းပင် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်(လေ)တို့က နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သား



အားကစားသမားများနှင့် နည်းပြများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# မိုင်းပျဉ်းမြို့နယ်တွင် ရေဂါလန် ၅၀၀၀ ဆံ့ စိမ့်စမ်းရေပေးရေးလုပ်ငန်းနှင့် ကုန်ထုတ်လမ်းဖောက်လုပ်

**မိုင်းပျဉ်း မတ် ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ်အတွင်း ဒေသခံပြည်သူများအတွက် ဆောင်ရွက်ပေးနေသော ရေပေးရေးလုပ်ငန်းနှင့်မြေသားကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အောင်နှင့်အဖွဲ့က မတ် ၁၈ ရက်တွင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်က မိုင်းပျဉ်းမြို့နယ်အတွင်း ဝမ်ကောင်းကျေးရွာတွင် လဝန်းထွန်းကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့် အရှည်တစ်မိုင်နှစ်ဖာလုံရှိသော ကုန်ထုတ်မြေသားလမ်းဖောက်လုပ်နေမှုနှင့် မိုင်းပျဉ်းမြို့နယ် လွန်စိုင်းကျေးရွာ၌ ခွန်ဟိန်းကုမ္ပဏီက ဆောင်ရွက်လျက်ရှိသော ရေဂါလန် ၅၀၀၀ ဆံ့ စိမ့်စမ်းရေပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို စစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းအလိုက် ရှင်းလင်းပြသကြပြီး ဒေသခံများနှင့် တွေ့ဆုံကာ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဝမ်ကောင်းကျေးလက်ကုန်ထုတ်လမ်း ပြီးစီးသွားပါက ကျေးရွာ ၁၈ ရွာရှိ လယ်ဧက ၂၀၀ နှင့် အိမ်ခြေ ၂၁၅ လုံး၊ လူဦးရေ ၁၃၁၆ ဦးတို့အား ကုန်စည်စီးဆင်းမှုနှင့် ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုမည်ဖြစ်သလို လွန်စိုင်းကျေးရွာ ရေဂါလန် ၅၀၀၀ ဆံ့ စိမ့်စမ်းရေပေးရေးလုပ်ငန်း ပြီးစီးသွားပါက အဆိုပါကျေးရွာရှိ အိမ်ခြေ ၁၀၅ လုံး၊ လူဦးရေ ၂၆၃ ဦးတို့အား ရာသီမရွေး သောက်သုံးရေဖူလုံရေးအတွက် အထောက်အကူပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# သန့်ရှင်းသောစိုက်ခင်းမှ စင်ကြယ်သောထုတ်ကုန်များသို့ ဈေးဖွင့်မည်

**ရန်ကုန် မတ် ၁၉**

မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက ကြီးမှူးကျင်းပသော အော်ဂဲနစ်သီးနှံနှင့် ထွက်ကုန်များ၊ GAP စိုက်ခင်းထွက်သီးနှံနှင့် ထွက်ကုန်များ သဘာဝသီးနှံထွက်ကုန်များ ရောင်းချမည့် သန့်ရှင်းသောစိုက်ခင်းမှ စင်ကြယ်သောထုတ်ကုန်များသို့ ဈေးအား ရန်ကုန်မြို့ မြေပဒေသာကျွန်းတွင် ဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဈေးကို ၂၀၁၅ ခုနှစ် မတ်လမှစ၍ အပတ်စဉ် စနေနေ့တိုင်း ဖွင့်လှစ်ရောင်းချရာမှ မတ် ၂၃ ရက်မှစ၍ တနင်္ဂနွေနေ့အထိ ထပ်မံတိုးချဲ့ ဖွင့်လှစ်မည်ဖြစ်ပြီး ဈေးကို နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇာနည်မောင်**

# လွှတ်တော်အဆောက်အအုံများတွင် လျှပ်စစ်ပိုင်းဆိုင်ရာ စနစ်တကျရှိစေရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၉**

လွှတ်တော်အဆောက်အအုံများတွင် တပ်ဆင်ထားသော လျှပ်စစ်ပိုင်းဆိုင်ရာများ စနစ်တကျရှိစေရေးအတွက် လွှတ်တော်အစည်းအဝေးများ ကျင်းပရေး ဗဟိုကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ညှိနှိုင်းဆွေးနွေး**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က အဖွင့်အမှာစကားပြောကြားပြီး လွှတ်တော်အသီးသီးမှ တာဝန်ရှိသူများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၈/ ၂၀၁၉) ကျင်းပ



**နေပြည်တော် မတ် ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီအစည်းအဝေး(၈/ ၂၀၁၉)ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပြင်ဆင်ရေး ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးဌေးဝင်းအောင်(ခ)ဦးပြုံးချို နှင့် အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့တို့မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခု၌ ထာဝရငြိမ်းချမ်းရေး ဓမ္မသဘင်ပွဲများ ကျင်းပမည်

**နေပြည်တော် မတ် ၁၉**

တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုသို့ ထာဝရငြိမ်းချမ်းရေး စေတီတော်၌ ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ ဒေသစာရီခရီးကြွရောက် အပူဇော်ခံပြီး ထာဝရငြိမ်းချမ်းရေးဓမ္မသဘင်ပွဲများ ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ဟု ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပြောသည်။



**လုပ်ငန်းညှိနှိုင်း**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီခွဲက ကျင်းပသည့် ထာဝရငြိမ်းချမ်းရေးစေတီတော် ဦးစီးကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရွှေပါရမီတောရဆရာတော် အမှူးပြုသော ဒါယကာ ဒါယိကာမများက မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေး ရရှိစေရန်၊ ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားစေရန်နှင့် ခုနစ်ရက်သားသမီးများ ပူဇော်နိုင်ရန် ရည်ရွယ်ချက်များဖြင့် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်အတွင်း ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

**ပူးပေါင်းပါဝင်ဆောင်ရွက်မှုများလိုအပ်**

ထာဝရငြိမ်းချမ်ရေးစေတီတော် တည်ထားကိုးကွယ်ရန် ဆရာတော်နှင့် ဒါယကာ ဒါယိကာမများ၏ မတည်အလှူငွေ၊ စေတနာရှင်ပြည်သူများ၏ လှူဒါန်းငွေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စေတီတော်နှင့်စေတီတော်ပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများ ရေရှည်တည်တံ့စေရန်နှင့် စေတီတော်၏ ဂုဏ်အင်္ဂါရပ်များနှင့်အညီ ပြည့်စုံကောင်းမွန်အောင် ဆောင်ရွက်ရန် မြန်မာနိုင်ငံအတွင်းရှိ စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ လိုအပ်ကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဆရာတော်အနေဖြင့်လည်း ရန်ကုန်၊ ကျိုက်ထီးရိုး၊ မော်လမြိုင်၊ ထားဝယ်၊ ဘားအံ၊ သထုံ၊ ပဲခူး၊ ပုသိမ်၊ ဟင်္သာတ၊ ပြည်၊ မကွေး၊ ပုဂံ၊ မုံရွာ၊ မန္တလေး၊ ကျောက်ဆည်၊ သဲတောနှင့် ဝမ်းတွင်း၊ တောင်ကြီး၊ လွိုင်ကော်၊ တောင်ငူနှင့် နေပြည်တော်တို့၌ ထာဝရငြိမ်းချမ်းရေး စေတီတော်၌ ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ ဒေသစာရီခရီးကြွရောက်ခြင်းနှင့် ထာဝရငြိမ်းချမ်းရေးဓမ္မသဘင်ပွဲများ ကျင်းပပြုလုပ်ရန်အတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဌာနများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်ကျင်းပမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ ဒေသစာရီခရီး ကြွရောက်အပူဇော်ခံခြင်းနှင့် ဓမ္မသဘင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ လုံခြုံရေးနှင့် လိုအပ်သည့်ကိစ္စရပ်များအပေါ် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ဒုတိယဝန်ကြီး ဦးကြည်မင်းက တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုသို့ စကျင်ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ ဒေသစာရီခရီးကြွရောက် အပူဇော်ခံရန် စီစဉ်ထားရှိမှု၊ ရန်ကုန်မြို့နှင့်သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ထာဝရငြိမ်းချမ်းရေး ဓမ္မသဘင်ပွဲ ကျင်းပရန် ညှိနှိုင်းစီစဉ်ထားရှိမှု၊ ဓမ္မသဘင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်လုံခြုံရေးအတွက် အထောက်အကူအဖွဲ့ ဖွဲ့စည်းထားရှိမှု၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

**အထောက်အကူပြုအဖွဲ့များဖွဲ့စည်းထားရှိ**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် သာသနာရေးဆိုင်ရာ အခမ်းအနားများကျင်းပရန် စီစဉ်ထားရှိမှု၊ ဘဏ္ဍာငွေရရှိမှု၊ စေတီတော်တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ပြီးစီးမှုနှင့် ဆောင်ရွက်ရန်ကျန်ရှိမှု၊ သတင်းပြန်ကြားရေးနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်မှု၊ မှတ်တမ်းတင်ပြုစုမှု၊ လုံခြုံရေးနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်မှုနှင့် ရန်ကုန်တွင် တရားပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် နာယကအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

**သတင်း-မော်စီ**

**ဓာတ်ပုံ-ကျော်ရဲဆွေ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ကချင်ပြည်နယ်ရှိ အခြေခံပညာရေးမိသားစုများနှင့်တွေ့ဆုံ

**ပူတာအို မတ် ၁၉**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးမြင့်ဝင်း၊ နည်းပညာသက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနေမျိုးထွန်းတို့နှင့်အတူ မတ် ၁၈ ရက် နံနက် ၁၁ နာရီခွဲတွင် ကချင်ပြည်နယ် ပူတာအိုခရိုင် အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ကချင်ပြည်နယ် အခြေခံပညာရေးမိသားစုများနှင့်တွေ့ဆုံသည်။

**စိတ်ရှည်စွာဖြင့် ဆောင်ရွက်ပေးစေလို**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းနေအရွယ်ကလေးများအားလုံး ပညာသင်ယူခွင့်ရရှိအောင် ဆောင်ရွက်နေပါကြောင်း၊ သွားရေး၊ လာရေး ခက်ခဲသောဒေသများ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သက်ဆိုင်ရာဒေသအစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းရောက်ရှိရေး၊ ကျောင်းနေမြဲရေးနှင့် ပညာဆက်လက်သင်ယူခွင့်ရရှိရေးအတွက် စိတ်ရှည်စွာဖြင့် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ (Grade-3) တတိယတန်းပြီးသော ကလေးတိုင်း မြန်မာစာဖတ်တတ်၊ ရေးတတ်ရေး၊ သင်္ချာတွက်တတ်ရေးနှင့် စဉ်းစားတွေးခေါ်မှုကိုအားပေး၍ သင်ယူပြီးရင်း သင်ယူချင်စိတ်ဖြစ်ပေါ်နေရေး သင်ကြားသင်ယူမှုကောင်းမွန်စေရန် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ကျောင်းဖွံ့ဖြိုးရေးရန်ပုံငွေများကိုလည်း ဘဏ္ဍာရေးဆိုင်ရာနှင့် စာရင်းစစ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာစွာဖြင့် အကျိုးရှိထိရောက်အောင် မိဘ ဆရာအသင်း၊ မိဘများနှင့် ပူးပေါင်းသုံးစွဲရန် လိုပါကြောင်း။

**ခန့်ထားဆောင်ရွက်ရန် လိုအပ်**

မြို့နယ်ပညာရေးမှူးများအနေဖြင့် ကျောင်းများ၏ လိုအပ်ချက်များ၊ ဆရာ ဆရာမများ၏အခက်အခဲများကို ဂရုတစိုက်လေ့လာ၍ ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း၊ ကျောင်းတွင်းအားကစားပြိုင်ပွဲများ၊ တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ခြင်းများနှင့် စာကြည့်တိုက်များကို အားပေးဖြည့်ဆည်းဆောင်ရွက်စေလိုပါကြောင်း၊ ပညာရေးအရည်အသွေးကောင်းမွန်လာစေရေးအတွက် ဆရာ ဆရာမများသည် အလွန်အရေးကြီးပါကြောင်း၊ အရည်အချင်း ပိုကောင်းသူများကိုသာ တရားမျှတသော ယှဉ်ပြိုင်မှုဖြင့် ဆရာ ဆရာမများအဖြစ် ခန့်ထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၏ လစာ၊ ခရီးစရိတ်၊ နေ့တွက်စရိတ်များ အပြည့်အဝရရှိရေး၊ ကျောင်းသုံးဖတ်စာအုပ်များ၊ သင်ထောက်ကူပစ္စည်းများနှင့် ကျောင်းလိုအပ်ချက်များ အချိန်မီဖြည့်ဆည်းရေး၊ တတိယတန်း (Grade-3) ကျောင်းသုံး ဖတ်စာအုပ်အသစ်များကို စတင်အသုံးပြုရန်အတွက် မူလတန်းပြ ဆရာ ဆရာမများအားလုံးနှင့် ဆဋ္ဌမတန်း (Grade-6) ကျောင်းသုံး ဖတ်စာအုပ်အသစ်များကို စတင်အသုံးပြုရန်အတွက် အလယ်တန်းပြ ဆရာ ဆရာမများအားလုံး နွေရာသီသင်တန်း တက်ရောက်နိုင်ရေးတို့ကို ဆောင်ရွက်နေပါကြောင်း ပြောကြားသည်။




**ဆွေးနွေးပြောကြား**

ထို့နောက် ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဦးမြင့်ဝင်းက ဝေးလံခက်ခဲဒေသဖြစ်သော ခေါင်လန်ဖူးဒေသ ပညာရေးအခြေအနေနှင့် ပညာရေးလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေး ဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာသော ဆရာ ဆရာမများက သိရှိလိုသည်များကို မေးမြန်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးဖြေကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**လက်ခံရယူ**

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက သင်ရိုးညွှန်းတမ်းသစ် စာအုပ်များပေးအပ်ရာ ခေါင်လန်ဖူးမြို့နယ်ပညာရေးမှူးက လက်ခံရယူသည်။

အခမ်းအနားသို့ ကချင်ပြည်နယ်ပညာရေးမှူး၊ ခရိုင်/မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**





# မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၁၉**

၂၀၁၉ ခုနှစ် (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲ အမှတ် ၄၈၀၁ မှ ၆၀၀၀ အထိ တင်ပြခဲ့ရာ ကျောက်စိမ်းအတွဲ ၉၂၄ တွဲကို ယူရိုငွေ ၁၃၇ ဒသမ ၁၃၄ သန်းဖြင့် ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ ယမန်နေ့က ကျောက်စိမ်းအတွဲ အမှတ် ၃၆၀၁ မှ ၄၈၀၀ အထိ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ပြခဲ့ရာ ကျောက်စိမ်းအတွဲ ၉၀၉ တွဲကို ယူရိုငွေ ၄၆ ဒသမ ၇၃၅သန်းဖြင့် ရောင်းချနိုင်ခဲ့သဖြင့် ယနေ့အထိ ကျောက်စိမ်းအတွဲ စုစုပေါင်း ၄၅၂၄ တွဲကို ရောင်းချရမှုမှ ယူရိုငွေ ၄၁၀ ဒသမ ၆၇၁ သန်း ရရှိကြောင်း သိရသည်။

(၅၆) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ မတ် ၂၀ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၆၀၀၁ မှ ၆၉၇၃ အထိ ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပရတနာကုန်သည် စုစုပေါင်း ၂၉၁၂ ဦးနှင့် ပြည်တွင်းရတနာကုန်သည် ၁၆၄၉ ဦး စုစုပေါင်း ရတနာကုန်သည် ၄၅၆၁ ဦး တက်ရောက်ရန် မှတ်ပုံတင်ထားပြီး ယနေ့ပြပွဲသို့ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်အများအပြား တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်း-အေးအေးသန့်၊ ဓာတ်ပုံ-ထိန်နန်နေဘ်**

# ရေပေးဝေမှုပြတ်တောက်မည့် အသိပေးကြေညာချက်

**ရန်ကုန် မတ် ၁၉**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့ အင်ဂျင်နီယာဌာန(ရေနှင့် သန့်ရှင်းမှု)မှ ရန်ကုန်မြို့တွင်းသို့ ရေပေးဝေလျက်ရှိသော ရေကူးရေတွန်းစက်ရုံတွင် ရေတွန်းစက်နှင့် လျှပ်စစ်ပိုင်းဆိုင်ရာ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများနှင့် ငမိုးရိပ်ရေသန့်စက်ရုံ(ညောင်နှစ်ပင်)၏ ပထမအဆင့် ရေပိုက်လိုင်းများ အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် ရေပေးဝေခြင်းလုပ်ငန်းကို ခေတ္တရပ်ဆိုင်းရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းများ ဆောင်ရွက်စဉ် မတ် ၂၂ ရက် နံနက် ၁၀ နာရီမှ ည ၈ နာရီအတွင်း မင်္ဂလာဒုံ၊ မရမ်းကုန်း၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သင်္ဃန်းကျွန်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)၊ ရန်ကင်း၊ ဗဟန်း၊ တာမွေ၊ သာကေတ၊ ဒေါပုံ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ကမာရွတ်၊ အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်းမြို့နယ်များရှိ ရပ်ကွက်များတွင် ရေအားလျော့နည်းခြင်းနှင့် ခေတ္တရေပြတ်တောက်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ရေကြိုတင်စုဆောင်းနိုင်ကြရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့် သန့်ရှင်းမှု)က အသိပေးကြေညာထားသည်။

**ကြေးမုံ**

# လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေး

**ရန်ကုန် မတ် ၁၉**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို မတ် ၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် လူမှုဖူလုံရေးဝင်း လေးထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် လူမှုဖူလုံရေးအဖွဲ့ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး ခေတ္တတိုင်းဒေသကြီး တာဝန်ခံအရာရှိက အမှာစကားပြောကြားပြီး အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးခဲ့သည့် အာမခံအလုပ်သမား ရှစ်ဦးအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ငွေကျပ် ၅၂ ၅၇၀၅၀၀ နှင့် အာမခံအလုပ်သမားတစ်ဦး၏ အလုပ်တွင် ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့် (ငွေလုံးငွေရင်း) ငွေကျပ် ၄၃၆၅၉၀၀ တို့ကို ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

# ကလေးစာပေပွဲတော်(ပူတာအို) ဒုတိယနေ့ ဆက်လက်ကျင်းပ

**ပူတာအို မတ် ၁၉**

ကလေးစာပေပွဲတော်(ပူတာအို) ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းမှစ၍ ပူတာအိုမြို့ဖုန်ကန်ရာဇီခန်းမနှင့် အထက (ပူတာအို)တို့၌ စာပေဟောပြောပွဲနှင့် ကလေးစာပေ အလုပ်ရုံဆွေးနွေးပွဲများ၊ Team building Game ကစားပွဲများ၊ အရုပ်ဆက်နှင့် စကားလုံးဆက်ပြိုင်ပွဲများ ကျင်းပရာ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ပြပွဲတွင် ပူတာအိုခရိုင်အတွင်းရှိ အခြေခံကျောင်းများမှ လာရောက်ဖျော်ဖြေသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများ၊ ဖူဆယ်ဘောလုံးကစားခြင်း၊ အလျားခုန်၊ အမြင့်ခုန်ပြိုင်ပွဲများတွင် ပွဲတော်လာရောက်ဆင်နွှဲကြသူများ တစ်ခဲနက်အားပေးကြသည်။

ထို့ပြင် စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ စကားလုံးဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနှင့် အခြားပျော်ရွှင်ဖွယ်ရာ ကစားနည်းများတွင် ကျောင်းသား ကျောင်းသူများ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

အလားတူ ရဝမ်၊ လီဆူ၊ ဂျိန်းဖော့နှင့် တိုင်းခမ်းတီရှမ်း တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ပြခန်းများ၊ ပြည်ထဲရေးဝန်ကြီးဌာနရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မူးယစ်၊ လူကုန်ကူး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြခန်း၊ ပညာရေးဝန်ကြီးဌာနရှိ အခြေခံပညာဦးစီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ ပြခန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းပြခန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပြခန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ စားသုံးသူရေးရာဦးစီးဌာနပြခန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးပေးခန်းများတွင်လည်း ကျောင်းသား ကျောင်းသူများနှင့် ကလေးငယ်များ၊ ဆရာ ဆရာမများ၊ ပြည်သူများ စိတ်ဝင်တစား ဝင်ရောက်လေ့လာကြပြီး ခင်းကျင်းရောင်းချလျက်ရှိသည့် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။



ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေနေမှုကို တွေ့ရစဉ်။

ပွဲတော်သို့ လာရောက်ဆင်နွှဲသူများကို အလှူရှင်များက နေ့လယ်စာအဖြစ် ကချင်ရိုးရာထမင်းထုပ်၊ အချိုရည်နှင့် မုန့်များ အာဟာရဒါနအဖြစ် ဝေငှခဲ့ကြသည်။

ပြိုင်ပွဲများနှင့် အားကစားပွဲများတွင် ဆုရရှိသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက အမှတ်တရလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယနေ့ကျင်းပသည့် စာပေဟောပြောပွဲတွင် စောနဒီမြစ်ကြီးနားက "ဘဝအလှ စာရသ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အကြီးကိုကို(ကသာ)က "အနာဂတ်ရဲ့ကြယ်စင်အလင်းတန်း၊ စာပေအလင်းစကားနိုင်ငံ့အား" ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောခဲ့သည်။

ထို့ပြင် စာပေဆွေးနွေးပွဲကို "စာကြည့်တိုက်များနှင့် စာဖတ်ခြင်းအကျိုးကျေးဇူး" ခေါင်းစဉ်ဖြင့် ပြုလုပ်ရာ ဆရာသန်းဦး၊ ဆရာမ ဒေါ်နောသောသီထူး (ဝေါလ်ကွန်ဆန်း)၊ ဆရာသိန်းနိဗ္ဗာန်(လန်းတောင်)နှင့် ဆရာ ဆန်ဒေါင်းဖေရမ်တို့က ဆွေးနွေးကြပြီး တက်ရောက်နားထောင်သူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြသည်။ **လင်းဟန်ဇေ**

# နှစ်တိုင်း ဒီလိုပွဲတွေ ကျင်းပပေးရင် ကလေးတွေအတွက် သူတို့ရဲ့အတွေးအခေါ် အသစ်အဆန်းတွေကို ဖော်ထုတ်လာနိုင်တဲ့ ကလေးတွေ များလာမယ်လို့ မျှော်လင့်ပါတယ်

ပူတာအို မတ် ၁၉

**ကလေးစာပေပွဲတော်(ပူတာအို) ဒုတိယနေ့သို့ လာရောက်ကြသည့် ပြည်သူများ၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ပါသည်-**


ဒေါ်ဂွမ်ရိန်နန်


ဦးခေါင်ဖုန်


ဒေါ်ဂျီးတောင်


မနောယော်နာ(လီဆူတိုင်းရင်းသူ)

**ဒေါ်ဂွမ်ရိန်နန်**
**ရဝမ်လူမျိုး၊ ဒုတ္တန်ရပ်ကွက်(ပူတာအိုမြို့)**

မအားတဲ့ကြားထဲက အမေကြီးရဲ့ မြေးတွေကို ဒီပြပွဲပြခန်းတွေနဲ့ ပြိုင်ပွဲတွေကို ပြဖို့လာခဲ့တာပါ။ သူတို့ကြိုက်တဲ့ စာအုပ်တွေရော ဘာတွေရော ဝယ်ပေးတယ်။ ဒီလိုပွဲလေးတွေ လုပ်ပေးတာ အတိုင်းထက်အလွန် တကယ့်ကို ဝမ်းသာပါတယ်။ အားရပါတယ်။ ဒီပူတာအိုမှာ လာလုပ်ပေးတာ အများကြီး ကျေးဇူးတင်ပါတယ်။

**ဦးခေါင်ဖုန်**
**ဒေသခံ၊ လေယာဉ်ကွင်းရပ်ကွက်(ပူတာအို)**

အာရောဂျံ ပရမံလာဘ ဆိုတဲ့ ဆောင်ပုဒ်အရ ကျန်းမာခြင်းရဲ့အရင်းအမြစ်နဲ့ သက်ဆိုင်တဲ့ ကျွန်တော်တို့ဒေသကထွက်တဲ့ ဆေးစွမ်းကောင်းတွေကို လူတိုင်းသိရှိနားလည်ပြီး ကျန်းမာသန်စွမ်းတဲ့ လူစွမ်းကောင်းတွေပေါ်ထွက်လာဖို့ ရည်ရွယ်ပြီး လာရောက်ရောင်းချတာပါ။

ဝေးလံပြီး ဆေးဝါးလက်လမ်းမမီတဲ့ တောင်ပေါ်ဒေသဖြစ်လို့ ဒေသကထွက်တဲ့ သစ်မြစ်၊ သစ်ဖု၊ အရွက်တွေကိုပဲ အသုံးပြုရလောက်အောင် သဘာဝဆေးတွေက အစွမ်းထက်လှပါတယ်။ အကိုက်အခဲနဲ့ ရောင်ရမ်းနာကျင်မှုတွေ၊ ဝမ်းပျက်ဝမ်းလျှော၊ ယားယံမှုတွေအတွက် အစွမ်းထက်တဲ့ဆေးတွေလည်း ရှိပါတယ်။ ပယောဂနဲ့ ရာသီအလိုက်ဖြစ်တတ်တဲ့ ရောဂါတွေကိုလည်း ပြုစုကုသနိုင်ပါတယ်။ အဲဒီအထဲမှာမှ ဆေးလျှော်ပင်နဲ့ ရက်လုပ်ထားတဲ့ ဆေးလျှော်ချည်ထည်လည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ဆေးလျှော်ပင်ကို အရွက်၊ ချည်၊ ဆေးဝါးနဲ့ ရိုးရာဝတ်စုံအဖြစ်လည်း အသုံးပြုကြပါတယ်။ ဆေးလျှော်ချည်ကို ဝတ်ဆင်ထားပြီး အသက်ရာကျော်ရှည်ရှည်နေနိုင်တဲ့ လူကြီးတချို့လည်း အခုအချိန်အထိ သက်ရှိထင်ရှား ရှိနေပါသေးတယ်။

**ဒေါ်ဂျီးတောင်**
**ရုံးစီမံခန့်ခွဲရေးမှူး၊ ရှအမ်လူမှုဖွံ့ဖြိုးရေးဖောင်ဒေးရှင်း(မြစ်ကြီးနား)**

ကလေးတွေမှ မဟုတ်ဘဲ ကလေးမိဘတွေ၊ ကျောင်းဆရာ ဆရာမတွေ၊ ရပ်ကွက်လူကြီးမိဘတွေအားလုံး လာရောက်ကြတဲ့အတွက် သူတို့အားလုံး စားသုံးမှုနဲ့ဆိုင်တဲ့ အသိပညာလေးတွေ၊ ကုန်ပစ္စည်းတစ်ခုခု ဝယ်ယူမယ်ဆိုရင် သူတို့ သတင်းအချက်အလက်လေးတွေ သိရှိဖို့၊ နေ့စဉ်နဲ့အမျှ အသုံးပြုနေတဲ့ အသုံးအဆောင်တွေမှာ သတိထားသင့်တဲ့ အသိပညာတွေ သိရှိဖို့ ရည်ရွယ်ပြီးမှ လာရောက်ပြသခြင်းဖြစ်ပါတယ်။ ကျောင်းဆရာ ဆရာမတွေ ကိုယ်တိုင် စားသုံးမှုဆိုင်ရာ အသိပညာတွေသိထားရင် သူတို့ကျောင်းစာသင်တဲ့အချိန်တွေမှာ အသိပညာတွေ ဝေမျှပေးသင့်ပါတယ်။ အဲဒါဆိုရင် ပိုပြီး အကျိုးရှိနိုင်မှာပါ။ ကလေးတွေတင်မက ဒေသခံတွေအားလုံး အသိပညာ ရသွားစေမှာပါ။ နေ့စဉ် အသုံးပြုနေတဲ့ အစားအသောက်၊ အသုံးအဆောင်တွေကို ဒီအတိုင်း ဝယ်ယူလိုက်ကြတယ်။ ဒါပေမယ့် အသိပညာပေးလိုက်တဲ့အချိန်တွေမှာ ထုတ်လုပ်တဲ့ရက်နဲ့ ကုန်ဆုံးတဲ့ရက်တွေ၊ ပြီးရင် ဘယ်အရာက ဆိုးဆေးတွေ တအားများနေတယ်ဆိုတာမျိုးတွေ၊ နောက်တစ်ခါ တစ်ခုခုသွားဝယ်မယ်ဆိုရင် ဒါတွေကို ကြည့်တတ်လာမှာဖြစ်ပါတယ်။ FDA ရဲ့ထောက်ခံချက်ပါ၊ မပါကိုလည်း ကြည့်ပြီးမှ ဝယ်ယူတတ်လာမယ်လို့ ကျွန်မတို့ မျှော်လင့်ပါတယ်။ ပူတာအိုမှာ ပထမဦးဆုံး လာလုပ်တဲ့ပွဲဖြစ်တဲ့အတွက် နှစ်တိုင်း ဒီလိုပွဲတွေ ကျင်းပပေးရင် ကလေးတွေအတွက် သူတို့ရဲ့ အတွေးအခေါ် အသစ်အဆန်းတွေကို ဖော်ထုတ်လာနိုင်တဲ့ ကလေးတွေများလာမယ်လို့ မျှော်လင့်ပါတယ်။ ကျောင်းစာမှာဆိုရင် စာသင်တဲ့အရာတစ်ခုပဲ ရှိတယ်။ စားသုံးသူရေးရာဦးစီးဌာနတွေနဲ့ ပူးပေါင်းပြီး ကျယ်ကျယ်ပြန့်ပြန့်လုပ်မယ်ဆိုရင် ပိုပြီးအသိအမြင်ကျယ်လာနိုင်ပါတယ်။ သူတို့ရဲ့နေ့စဉ်ဘဝ စားသောက်နေထိုင်မှုတွေမှာ အကျိုးရှိလာနိုင်ပါတယ်။


**မနောယော်နာ(လီဆူတိုင်းရင်းသူ)**
**နဝမတန်း၊ အထက(ခွဲ)နမ်ဟော့**

သမီးတို့က ဖျော်ဖြေရေးကဏ္ဍမှာ ပါဝင်ပါတယ်။ လီဆူတိုင်းရင်းသားအကနဲ့ ဖျော်ဖြေခဲ့ပါတယ်။ ဖျော်ဖြေရေးအတွက် နှစ်ပတ်၊ သုံးပတ်လောက် ကြိုတင်ပြင်ဆင်ရပါတယ်။ ဖျော်ဖြေခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ မကြုံဖူးတဲ့အရာတွေလည်း သိရှိရပါတယ်။ သမီးတို့ လီဆူတိုင်းရင်းသားအကသာမက တခြားတိုင်းရင်းသားတွေရဲ့ ရိုးရာအကတွေကိုလည်း ကြည့်ရှုရတဲ့အတွက် ပျော်ရွှင်ရပါတယ်။




**သတင်းနှင့် ဓာတ်ပုံ- ကျော်စိုးနိုင်(ရွှေကူ)၊ သန်းလွင်ဦး(မိုးကောင်း)**

# ကလေးစာပေပွဲတော်(ပူတာအို) ဒုတိယနေ့ပုံရိပ်များ



ခင်းကျင်းပြသထားသည့် စာအုပ်များကို ကလေးငယ်များ စိတ်ဝင်တစားလာရောက်ကြည့်ရှုလေ့လာနေကြစဉ်။




ကလေးစာပေပွဲတော်(ပူတာအို)တွင် စာပေဆွေးနွေးနေမှုကို တွေ့ရစဉ်။



ကလေးစာဖတ်ခန်းတွင် စာပေပွဲတော်အမှတ်တရသရုပ်ဖော်များ ဆေးရောင်ခြယ်နေကြစဉ်။




ကျောင်းသား ကျောင်းသူများ ကဗျာရွတ်ဆိုနေကြစဉ်။



ဖူဆယ်အားကစားပြိုင်ပွဲ ကျင်းပစဉ်။




ကျောင်းသား ကျောင်းသူများ သရုပ်ဖော်တင်ဆက်နေမှုကို တွေ့ရစဉ်။



ရိုးရာယဉ်ကျေးမှုပြခန်းတွင် ကြည့်ရှုလေ့လာနေကြစဉ်။



ကလေးငယ်တစ်ဦး ပန်းချီရေးဆွဲနေစဉ်။

# ဆရာတွေရဲ့ အရည်အသွေးစံတွေကို သတ်မှတ်တာဟာ အဲဒီအရည်အသွေးအာမခံမှုလုပ်ငန်းရဲ့ ပထမဆုံးခြေလှမ်းဖြစ်ပါတယ်

ဒေါက်တာဝင်းအောင်

## ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ခြင်း စကားဝိုင်းကျင်းပ

သတင်းအဖွဲ့

**ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ခြင်း ပညာရေးစကားဝိုင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် အမျိုးသားပညာရေးမူဝါဒကော်မရှင်အဖွဲ့ဝင် ဒေါက်တာဝင်းအောင်၊ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးအေးမြင့်၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမေစန်းရီ၊ ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်လတ်ထွန်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာပြည့်ကျော်သူနှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတိုးဝင်းတို့ ပါဝင်ဆွေးနွေးခဲ့ကြသည်များကို ဖော်ပြအပ်ပါသည်။**

(မတ် ၁၈ ရက်မှအဆက်)

**။ ဆရာကြီးဒေါက်တာဝင်းအောင်အနေနဲ့ ဆရာတွေအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်မူကြမ်း ရေးဆွဲဆောင်ရွက်မှုတွေကို ပြောပြပေးစေလိုပါတယ်။ အစီအစဉ်မှူး။**

**ဒေါက်တာဝင်းအောင်။** ။ဒီလုပ်ငန်းက မြန်မာနိုင်ငံမှာတော့ လုပ်ငန်းအသစ်လို့ ပြောရမယ်ထင်ပါတယ်။ စောစောက ဆရာမကြီးတို့ပြောခဲ့သလို ပညာရေးတက္ကသိုလ်တွေ၊ ပညာရေးကောလိပ်တွေမှာ လေ့ကျင့်သင်ကြားပေးတယ်ဆိုတာ အရည်အချင်းပြည့်မီတဲ့ ဆရာ ဆရာမတွေ မွေးထုတ်ဖို့အတွက် ဆောင်ရွက်တာဖြစ်ပါတယ်။ ဒီနေရာမှာ အရည်အချင်းပြည့်မီတယ်ဆိုတာကို ဘယ်လိုအာမခံနိုင်မှာလဲဆိုတဲ့ မေးခွန်းမေးစရာရှိပါတယ်။ တကယ်ပဲ ဒီဆရာ ဆရာမတွေဟာ အရည်အချင်းပြည့်မီရဲ့လား။ ဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ရော၊ သက်ဆိုင်တဲ့ တခြားသော ဝန်ကြီးဌာနတွေရော၊ ပညာရေးမိတ်ဖက်အဖွဲ့အစည်းတွေအားလုံးကပါ အလေးအနက်စဉ်းစားပြီးတော့ ကျွန်တော်တို့ အမျိုးသားပညာရေးဥပဒေမှာ ပညာရေးစနစ်တိုင်းဟာ အဲဒီစနစ်ရဲ့အရည်အသွေးကို အာမခံနိုင်ရမယ်ဆိုပြီးတော့ ပြဌာန်းထားတာရှိပါတယ်။ အဲဒါနဲ့လည်း လိုက်လျောညီထွေဖြစ်ပြီး အကောင်အထည်ဖော်တဲ့သဘောမျိုးလည်းဖြစ်အောင်ဆိုပြီး အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းမှာ ဆရာများရဲ့အရည်အသွေးကို အာမခံတဲ့စနစ်တစ်ခုထူထောင်ဖို့ သတ်မှတ်ပြီးတော့ လုပ်ဆောင်နေတာရှိပါတယ်။

### အရည်အသွေးအာမခံမှု

ဒီဆရာတွေရဲ့ အရည်အသွေးစံတွေကို သတ်မှတ်တာဟာ အဲဒီအရည်အသွေးအာမခံမှုလုပ်ငန်းရဲ့ ပထမဆုံးခြေလှမ်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဒီလိုလုပ်ငန်းမျိုးကို အရင်က ဆောင်ရွက်ခဲ့ဖူးခြင်းမရှိတဲ့အတွက် ဒါပထမဦးဆုံးစပြီး ဆောင်ရွက်တဲ့လုပ်ငန်းအသစ်လို့ ကျွန်တော်ပြောတာဖြစ်ပါတယ်။ နိုင်ငံတကာမှာတော့ ဆရာ ဆရာမတွေမှာ အဲဒီလိုမျိုး သူတို့ရဲ့သိသင့်သိထိုက်တဲ့ အခြေခံတတ်ကျွမ်းမှုတွေ ပြည့်စုံတဲ့အကြောင်းကို အာမခံနိုင်တဲ့စနစ်တွေ ထူထောင်ပြီးတော့ လုပ်ကိုင်ဆောင်ရွက်နေတာ နိုင်ငံတော်တော်များများမှာ အခုဆိုရင် အရှိန်ရနေပါပြီ။ အထူးသဖြင့် ဒီနားတစ်ဝိုက်က ကျွန်တော်တို့ရဲ့အိမ်နီးချင်းတွေဖြစ်တဲ့ အာဆီယံနိုင်ငံတွေမှာဆိုရင် ဒီလိုမျိုးဆရာ ဆရာမတွေရဲ့အရည်အသွေးစံတွေကို သတ်မှတ်ပြီးတော့ အရည်အသွေးအာမခံမှုကို အလေးထားပြီး လုပ်လာနေပါတယ်။

ဒါကြောင့်လည်း မြန်မာနိုင်ငံအနေနဲ့ ဒီလိုလုပ်ငန်းကို စပြီးတော့ ဆောင်ရွက်တာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာလည်း နိုင်ငံတကာစံတွေနဲ့လည်း လိုက်လျောညီထွေဖြစ်အောင်၊ မြန်မာနိုင်ငံရဲ့အနေအထားနဲ့လည်း လိုက်လျောညီထွေဖြစ်အောင်ဆိုပြီးတော့ ဒီစံတွေကို သတ်မှတ်တဲ့နေရာမှာ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်တာရှိသလို တကယ်သက်ဆိုင်တဲ့ ပုဂ္ဂိုလ်တွေဖြစ်တဲ့ ဆရာ ဆရာမတွေ၊ ပညာရေးစီမံခန့်ခွဲတဲ့လူတွေ၊ အခြေခံပညာကျောင်းအုပ်တွေ စတဲ့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေအားလုံးနဲ့လည်း ညှိနှိုင်းဆွေးနွေးပြီးတော့ စံသတ်မှတ်ချက်တွေကို ရေးဆွဲနေတာဖြစ်ပါတယ်။

**စံတွေကို သတ်မှတ်တဲ့နေရာမှာ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်တာရှိသလို တကယ်သက်ဆိုင်တဲ့ပုဂ္ဂိုလ်တွေဖြစ်တဲ့ ဆရာ ဆရာမတွေ၊ ပညာရေးစီမံခန့်ခွဲတဲ့လူတွေ၊ အခြေခံပညာကျောင်းအုပ်တွေစတဲ့ သက်ဆိုင်ရာ ပုဂ္ဂိုလ်တွေအားလုံးနဲ့လည်း ညှိနှိုင်းဆွေးနွေးပြီးတော့ စံသတ်မှတ်ချက်တွေကို ရေးဆွဲနေတာဖြစ်**

အခုကတော့ မူကြမ်းပဲရှိပါသေးတယ်။ ဒါပေမယ့် ဒါကို တကယ်အတည်ပြုပြီးတော့ သတ်မှတ်ထားတဲ့စံဖြစ်အောင် ဆက်လက်ပြီးတော့ဆောင်ရွက်ဖို့ရှိပါတယ်။ ဒီလုပ်ငန်းကို လုပ်ရတဲ့နေရာမှာ အဓိကကတော့ အကြောင်းရင်း သုံးခုရှိတယ်လို့ ပြောချင်ပါတယ်။

ပထမတစ်ခုကတော့ ဘာလဲဆိုရင် ဒီစံတွေကို ကြည့်ပြီးတော့ စောစောက ဆရာမကြီးတို့ပြောခဲ့တဲ့ ပညာရေးတက္ကသိုလ်တွေ၊ ပညာရေးကောလိပ်တွေမှာ လေ့ကျင့်သင်ကြားပေးနေတဲ့ အစီအစဉ်တွေကို ပြုပြင်ပြောင်းလဲဖို့ပါ။ ဆရာမကြီး ဒေါက်တာ ဒေါ်မေစန်းရီ စောစောကပြောသလိုပဲ၊ အခုဆိုရင် ပညာရေးကောလိပ်တွေအတွက် လေးနှစ်သင် ဒီဂရီသင်ရိုးညွှန်းတမ်းတွေ ရေးဆွဲတဲ့အခါမှာ အခုပြောခဲ့တဲ့တတ်ကျွမ်းမှု စံသတ်မှတ်ချက်တွေကို အခြေခံပြီးတော့ ရေးဆွဲတာဖြစ်တဲ့အတွက် တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်းဆိုပြီးတော့ ဆရာမကြီးပြောတာ သတိထားမိမယ်ထင်ပါတယ်။ အလားတူပဲ ပညာရေးတက္ကသိုလ်အနေနဲ့လည်း ရှေ့မှာ ပညာရေးတက္ကသိုလ်ရဲ့ဘွဲ့သင်တန်းတွေကိုလည်း အဲဒီလို အလားတူ တတ်ကျွမ်းမှုအခြေပြု သင်ရိုးညွှန်းတမ်းအနေနဲ့ ရေးဆွဲအကောင်အထည်ဖော်ဖို့ ရည်ရွယ်ထားတယ်လို့ ကျွန်တော်တို့ သိပါတယ်။

### တတ်ကျွမ်းမှုစံ

ဆိုချင်တာက ဘာလဲဆိုရင် အဲဒီလိုမျိုးသင်ရိုးညွှန်းတမ်းရေးဆွဲတဲ့အခါမှာ ဒီတတ်ကျွမ်းမှုစံတွေဟာ အခြေခံအဖြစ်နဲ့ သုံးဖို့ဆိုတာက ပထမအကြောင်းရင်းတစ်ခု ဖြစ်ပါတယ်။ ဒုတိယအကြောင်းရင်းတစ်ခုက ဒီတတ်ကျွမ်းမှုစံအနေနဲ့ လက်ရှိ လုပ်ငန်းခွင်ထဲမှာရောက်နေတဲ့ ဆရာ ဆရာမတွေရဲ့ စွမ်းဆောင်ရည်ကို တိုင်းတာကြည့်ဖို့ပါ။ ဒီလိုတိုင်းတာကြည့်ခြင်းအားဖြင့် ဒီဆရာ ဆရာမတွေဟာ ဘယ်နေရာမှာ အားနည်းနေသလဲ၊ ဘယ်နေရာမှာတော့ သူတို့က ထူးချွန်လဲ၊ အားကောင်းလဲ၊ ဒီလိုမျိုးပညာရေးဝန်ကြီးဌာနအနေနဲ့ သိနိုင်မှာဖြစ်တယ်။ ဥပမာအားဖြင့် ဘာသာရပ်ကျွမ်းကျင်မှုအပိုင်းမှာ အားနည်းတာလား၊ သင်ကြားရေးအပိုင်းမှာ အားနည်းတာလား၊ ဒါမှမဟုတ် မိဘ၊ ပြည်သူလူထုနဲ့ ဆက်ဆံရေးမှာ အားနည်းတာလား စသည်ဖြင့် ဆရာ ဆရာမတွေရဲ့ လိုအပ်ချက်တွေကို ဖော်ထုတ်ပြီး အဲဒီလိုမျိုးလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်မယ့် ခုနက ကျွန်တော်တို့ပြောခဲ့တဲ့ လုပ်ငန်းခွင်အတွင်း ဆရာအတတ်ပညာ စွမ်းဆောင်ရည်မြှင့်မားရေးအစီအစဉ်တွေကို ရေးဆွဲပြီးတော့ ပံ့ပိုးပေးနိုင်မှာဖြစ်တဲ့အတွက် ဒါက ဒုတိယအကြောင်းရင်း ဖြစ်ပါတယ်။

တတိယအကြောင်းရင်းကတော့ နိုင်ငံတကာမှာ ဒါဟာ နိုင်ငံတော်တော်များများကစပြီးတော့ လုပ်ကိုင်ဆောင်ရွက်နေပါပြီ။ မြန်မာနိုင်ငံအနေနဲ့ကတော့ လတ်တလောမှာ မဆောင်ရွက်နိုင်ရင်တောင်မှ ရှေ့ဆက်ပြီးတော့ ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ ကြိုးစားရမယ့်အပိုင်းဖြစ်ပါတယ်။ အဲဒါကတော့ ဆရာ ဆရာမတွေကို အသိအမှတ်ပြုတဲ့လက်မှတ်ထုတ်ပေးရေးနဲ့ ဆိုင်ပါတယ်။ ဒီဆရာအတတ်ပညာဆိုတာဟာ ဒီဆေးပညာ၊ အင်ဂျင်နီယာပညာတို့လိုပဲ၊ သူက အတတ်ပညာနယ်ပယ်တစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် အတတ်ပညာရှင်တစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့စံအနေနဲ့ ကိုက်ညီပြီးတော့ အဲဒီလို ကိုက်ညီတဲ့လူကိုမှ ဆရာဖြစ်တယ်။ အရည်အချင်းရှိတဲ့ ဆရာဖြစ်တယ်လို့ သတ်မှတ်ရမှာဖြစ်တော့ ဒီစံအနေနဲ့ ချိန်ထိုးပြီး ဆရာ ဆရာမတွေကို ဆရာအတတ်ပညာ တတ်ကျွမ်းကြောင်း အသိအမှတ်ပြုလက်မှတ် ဒါမှမဟုတ်ရင်လည်း တချို့နိုင်ငံတွေမှာဆိုရင် ဆရာတွေက လိုင်စင်ယူရပါတယ်။ ဒီအတိုင်းဝင်လုပ်လို့မရပါဘူး။ ဆရာလုပ်ချင်တယ်ဆိုရင် ဆရာလိုင်စင်ယူရမယ်။ သို့မဟုတ် ဆရာဖြစ်ကြောင်း မှတ်ပုံတင်ရပါတယ်။

### အနာဂတ်မျှော်မှန်းချက်

အဲဒီလိုလိုင်စင်ယူတဲ့အခါမှာ၊ မှတ်ပုံတင်တဲ့အခါမှာ ဘာနဲ့ ချိန်ထိုးပြီးကြည့်မလဲဆိုရင် ဒီတတ်ကျွမ်းမှုစံအနေနဲ့ချိန်ထိုးကြည့်ပြီးတော့ ဒီဆရာဟာ ရှိသင့်ရှိထိုက်တဲ့ တတ်ကျွမ်းမှုတွေနဲ့ ပြည့်စုံတယ်ဆိုမှ သူ့ကို လိုင်စင်ထုတ်ပေးပါတယ်။ စာမျက်နှာ ၁၁ သို့












# ၂၀၁၉ ခုနှစ် မတ်လထုတ် သုတပဒေသာစာစောင် ထွက်ပြီ

**ရန်ကုန် မတ် ၁၉**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ အကြောင်းအရာများကို ရွေးချယ်ဘာသာပြန်ဆိုထားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အတွေးအခေါ်၊ ကျန်းမာရေး စသည့် သုတဆောင်းပါးများ၊ နိုင်ငံရပ်ခြားကဗျာ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန် စသည့် ရသကဏ္ဍများနှင့် နိုင်ငံသားများ ဗဟုသုတရရှိစေရေးကို ရည်ရွယ်၍ ခေတ်မီ အကြောင်းရပ်များကို အထူးပြုရေးသားသည့် မျက်နှာဖုံးဆောင်းပါးကြီးများကိုလည်း ဖော်ပြလျက်ရှိသည်။

အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့် ထုတ်ဝေလိုက်သော သုတပဒေသာစာစောင်(မတ်လ)ကို ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ၂၅၀၀ ကျပ်နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း- ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း - ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း - ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❒ **စာမျက်နှာ ၁၀ မှ**

ဒါမှမဟုတ်လည်း မှတ်ပုံတင်ထုတ်ပေးတယ် စသည်ဖြင့် အဲဒီလိုမျိုး နိုင်ငံတကာအလေ့အထရှိပါတယ်။ ဒါက ဘာကိုပြတာလဲဆိုရင် အဲဒီဆရာဟာ အရည်အသွေး ရှိတဲ့ ဆရာဖြစ်ကြောင်း ဝန်ကြီးဌာနက အာမခံတဲ့ နည်းလမ်းတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် အခုလောလောဆယ်မှာ ဒီလိုမျိုးဆောင်ရွက်နိုင်ဖို့ မရှိသေးသော်လည်းပဲ အနာဂတ်မှာတော့ ကျွန်တော်တို့က အဲဒီလောက်အထိ ဆောင်ရွက်နိုင်ဖို့ မျှော်မှန်းပြီးတော့ ဒီတတ်ကျွမ်းမှု စံသတ်မှတ်ချက်တွေကို ရေးဆွဲထားတာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ဆရာကြီး ဒေါက်တာဇော်လတ်ထွန်း အနေနဲ့ သင်ရိုးညွှန်းတမ်းရေးဆွဲသူတွေအတွက် လိုအပ်တဲ့ စွမ်းရည်မြှင့်တင်မှုနဲ့ ပတ်သက်ပြီးတော့လည်း ပြောပြပေးပါဦး။**

**ဒေါက်တာဇော်လတ်ထွန်း။** ။သင်ရိုးညွှန်းတမ်းရေးဆွဲတဲ့သူတွေအတွက် လိုအပ်တဲ့ စွမ်းရည်မြှင့်တင်မှုတွေကတော့ သင်ရိုးညွှန်းတမ်းပြုစုရေးဆွဲရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု၊ နောက်တစ်ခါ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပြည့်စုံမှု၊ နောက် စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ကျွမ်းကျင်မှု၊ English ဘာသာစကား 4 Skills ကျွမ်းကျင်မှုနဲ့ အခြေခံကွန်ပျူတာနဲ့ သတင်းအချက်အလက်ဆိုင်ရာ ကျွမ်းကျင်မှုတို့ပဲ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။အသေးစိတ်တွေကိုလည်း ဆက်ပြီးတော့ ရှင်းပြပေးစေလိုပါတယ်။**

**ဒေါက်တာဇော်လတ်ထွန်း။** ။သင်ရိုးညွှန်းတမ်းရေးဆွဲတဲ့သူတစ်ယောက်က သင်ရိုးညွှန်းတမ်းတစ်ခုကိုရေးဆွဲတဲ့အခါမှာ ကလေးတွေရဲ့ အသက်အရွယ်အလိုက် အသိဉာဏ်ပညာဖွံ့ဖြိုးမှုအရ ဘယ်အသက်အရွယ်မှာ ဘယ်အကြောင်းအရာမျိုးကို ဘယ်လောက် သိသင့်တယ်ဆိုတာကို သိထားဖို့လိုပါတယ်။ ဒီ့အပြင် သင်ရိုးညွှန်းတမ်းတစ်ခုရဲ့ အင်္ဂါရပ်တွေ၊ ဖွဲ့စည်းမှုတွေ ဒါတွေကိုလည်းသိရှိထားရမယ်။ လိုချင်တဲ့ သင်ကြားသင်ယူမှုရလဒ်ပါ။ Learning Outcomes တွေရဖို့အတွက် ဘယ်လိုသင်ကြားမှုနည်းစနစ်တွေနဲ့ သွားမလဲ၊ ဘယ်လိုချဉ်းကပ်မှုတွေနဲ့ သွားမလဲဆိုတာကိုလည်း နားလည်သဘောပေါက်ထားရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီလိုစွမ်းရည်တွေရရှိဖို့အတွက် သင်ရိုးညွှန်းတမ်းရေးဆွဲတဲ့သူတွေကို ပြည်တွင်း၊ ပြည်ပ သင်တန်းတွေ လေ့လာရေးပြုလုပ်ပေးဖို့၊ စွမ်းရည်မြှင့်တင်မှုတွေ ဆောင်ရွက်ပေးဖို့ ဒါတွေလိုအပ်ပါတယ်။ အထူးသဖြင့်တော့ Curriculum Development နဲ့ ပတ်သက်ပြီးတော့ ဒီပလိုမာတွေ၊ ဘွဲ့တွေပေးနိုင်တဲ့ ပြည်တွင်း၊ ပြည်ပ တက္ကသိုလ်အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်လျက်ရှိနေတယ်လို့ ပြောလိုပါတယ်။

**အစီအစဉ်မှူး။ ။ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုနဲ့ ပတ်သက်ပြီးတော့လည်း ရှင်းပြပေးပါဦး။**

**ဒေါက်တာဇော်လတ်ထွန်း။** ။သင်ရိုးညွှန်းတမ်း ရေးဆွဲတယ်ဆိုတာက ဘာသာရပ်တွေကို ကလေးတွေရဲ့ အသက်အရွယ်အလိုက် ဘယ်လောက်သင်ကြားပေးမလဲ၊ ဘယ်လို သင်ကြားပေးမလဲဆိုတာကို စီစဉ်ဆောင်ရွက်တာဖြစ်ပါတယ်။ ဒါကြောင့် သင်ရိုးညွှန်းတမ်းရေးဆွဲတဲ့ သူတစ်ယောက်ဟာ မိမိတို့ ရေးဆွဲတဲ့ ဘာသာရပ်နဲ့ပတ်သက်ပြီးတော့ ထဲထဲဝင်ဝင် သိနေဖို့လိုပါတယ်။ ဘာသာရပ်၊ ပညာရပ်တွေဟာ နေ့စဉ်နဲ့အမျှ တိုးတက်ပြောင်းလဲနေတာ ဖြစ်တဲ့အတွက် ဘာသာရပ်တစ်ခုရဲ့ အရေးပါတဲ့ပြောင်းလဲမှုတွေ၊ အယူအဆတွေ၊ ထီထွင်ဖန်တီးမှုတွေကို မျက်ခြည်မပြတ် လေ့လာနေဖို့လိုပါတယ်။ ဒီ့အပြင် ကိုယ်တာဝန်ယူရေးဆွဲနေတဲ့ ဘာသာရပ်တွေနဲ့ တခြားဘာသာရပ်တွေရဲ့ ချိတ်ဆက်နေမှုတွေကိုလည်း မျက်ခြည်ပြတ်လို့ မရပါဘူး၊ သိရမယ်။

**ဘာသာရပ်တိုးတက်မှု**

ဒါကြောင့် ဘာသာရပ်ဆိုင်ရာစာအုပ်စာတမ်းတွေ ရနိုင်ဖို့ အင်တာနက်ကိုအသုံးပြုပြီးတော့ ရှာဖွေနိုင်ဖို့နဲ့ ဘာသာရပ်အလိုက် တိုးတက်ဖွံ့ဖြိုးလာမှုတွေ၊ ဘာသာရပ် သဘောသဘာဝတွေ ပိုမိုသိလာဖို့အတွက် အလျဉ်းသင့်သလို ပြည်တွင်း၊ ပြည်ပပညာရှင်တွေကို ဖိတ်ခေါ်ပြီးတော့ ဟောပြောပွဲလုပ်တာတွေ၊ လက်တွေ့သရုပ်ပြသင်ကြားမှု ပြုလုပ်တာမျိုးတွေ ပြုလုပ်ပေးခြင်းအားဖြင့် သင်ရိုးညွှန်းတမ်း ရေးဆွဲတဲ့သူတွေအတွက် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှု အရည်အသွေးတွေရရှိလာမယ်လို့ မျှော်လင့်ပါတယ်။

**အစီအစဉ်မှူး။ ။စစ်ဆေးအကဲဖြတ်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုရှိဖို့ လိုတယ်လို့လည်း ပြောခဲ့ပါတယ်။ အဲဒီတော့ ဘာကြောင့် ဒီစွမ်းရည်တွေ လိုအပ်ပါသလဲဆိုတာ ပြောပြပေးပါ။**

**ဒေါက်တာဇော်လတ်ထွန်း။** ။တကယ်တော့ သင်ရိုးညွှန်းတမ်း ပြုစုရေးဆွဲမှုကို စနစ်တစ်ကျ သင်ယူလေ့လာတဲ့အခါ စစ်ဆေးအကဲဖြတ်မှုဆိုတာ တစ်ပါတည်းပါဝင်ပြီးသားဖြစ်ပါတယ်။ ဘာသာရပ်တစ်ခုကို ရည်မှန်းထားတဲ့အတိုင်း တတ်မြောက်မှုတွေ ရတယ်၊ မရဘူး ဒါတွေကိုသိနိုင်ဖို့အတွက် စစ်ဆေးအကဲဖြတ်မှုတွေ၊ တိုင်းတာစစ်ဆေးမှုတွေ လုပ်ရပါမယ်။ ဒီလိုလုပ်ဖို့ အကဲဖြတ်ခြင်းဆိုင်ရာ စွမ်းရည်တွေ တိုးတက်လာဖို့လိုတယ်။ နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ စစ်ဆေးတိုင်းတာမှုဆိုင်ရာ နည်းနာနိဿယတွေကို လေ့လာပြီးတော့ ကိုယ့်နိုင်ငံ အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်နိုင်ဖို့လိုပါတယ်။ အထူးသဖြင့်တော့ စစ်ဆေးအကဲဖြတ်မှုနဲ့ဆိုင်တဲ့ ဘွဲ့တွေ၊ ဒီပလိုမာတွေပေးတဲ့ တက္ကသိုလ်တွေ၊ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှုအတွက်ကိုလည်း ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာ ပြောပြပေးပါဦး။**

**ဒေါက်တာဇော်လတ်ထွန်း။** ။အင်္ဂလိပ်ဘာသာစကားကလည်း အခု အလွန်အရေးကြီးပါတယ်။ သင်ရိုးညွှန်းတမ်းရေးဆွဲဖို့အတွက် လိုအပ်တဲ့အကြောင်းအရာ၊ အချက်အလက်တွေကို လေ့လာတဲ့အခါမှာ မိခင်ဘာသာစကားဖြစ်တဲ့ မြန်မာဘာသာစကားနဲ့ပြုစုထားတဲ့ စာအုပ်စာတမ်းတွေကို လေ့လာရတာဖြစ်သလို အင်္ဂလိပ်ဘာသာအတွက် ရေးသားထားတဲ့ စာအုပ်တွေကိုလည်း ဖတ်ရှုရမှာ ဖြစ်ပါတယ်။ ဒီ့အပြင် နောက်ဆုံးခေတ်မီအကြောင်းအရာ၊ အချက်အလက်တွေကို သိဖို့ဆိုရင် အင်တာနက်မှာ ရှာဖွေမယ်။ အင်တာနက်မှာ ရှာဖွေတဲ့အခါကျတော့ ပညာရပ်ဆိုင်ရာစာအုပ်အများစုကလည်း အင်္ဂလိပ်လိုရေးသားထားတာဖြစ်တဲ့အတွက် အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်ဖို့လိုပါတယ်။

လိုအပ်လာတဲ့အခါမှာ သင်ရိုးညွှန်းတမ်းရေးဆွဲနေတဲ့ သူတွေဟာ ပြည်ပ ပညာရှင်တွေ၊ အကြံပေးတွေနဲ့လည်း ပြောဆိုဆက်သွယ်မှုတွေ၊ ဖလှယ်မှုတွေရှိလာတဲ့အတွက်ကြောင့် အင်္ဂလိပ်စာကျွမ်းကျင်မှုတွေဖြစ်တဲ့ အရေး၊ အဖတ်၊ အပြော၊ နားထောင်နိုင်မှုစွမ်းရည်တွေ တိုးတက်လာအောင် ဖြည့်ဆည်းရမှာဖြစ်ပါတယ်။ ကိုယ်တိုင်ကိုယ်ကျ (Self Study) လုပ်ဖို့ အခြေအနေတွေ၊ ပြည်တွင်း၊ ပြည်ပ သင်တန်းကို စေလွှတ်ပေးတာမျိုးတွေ ဆောင်ရွက်လျက်ရှိပါတယ်။

**အစီအစဉ်မှူး။ ။ကွန်ပျူတာနဲ့ အိုင်စီတီကျွမ်းကျင်မှုကရော ဘာကြောင့် လိုအပ်ပါသလဲဆိုတာလည်း ပြောပြပေးပါ။**

**ဒေါက်တာဇော်လတ်ထွန်း။** ။ဒါကလည်း လိုအပ်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ နည်းပညာတွေအရှိန်အဟုန်နဲ့ တိုးတက်လာတဲ့ခေတ်မှာ ကွန်ပျူတာကျွမ်းကျင်မှုဆိုတာ မရှိမဖြစ်တဲ့ အရည်အချင်းတစ်ခုပဲ ဖြစ်ပါတယ်။ သင်ရိုးညွှန်းတမ်းရေးဆွဲနေတဲ့ သူတွေဟာ မိမိရေးဆွဲနေတဲ့ ဘာသာရပ်သင်ရိုးအတွက် လိုအပ်တဲ့ အချက်အလက်တွေကို စုဆောင်းဖို့ပဲဖြစ်ဖြစ်၊ ဖတ်စာအုပ်တွေ၊ လမ်းညွှန်တွေပြုစုဖို့ပဲဖြစ်ဖြစ် ကွန်ပျူတာသုံးပြီးတော့ ကိုယ်တိုင်ဆောင်ရွက်နိုင်မယ်ဆိုရင် အဆင်ပြေပါတယ်။ အချက်အလက်လုံခြုံမှုကိုလည်းပဲ စိတ်ချရတယ်။ နောက်ပြီး ကိုယ့်စိတ်ကြိုက်ပုံစံ မရမချင်း အကြိမ်ကြိမ် ဖန်တီးပြုစုလို့ရတယ်။

ဒီ့အပြင် သတင်းအချက်အလက် နည်းပညာကျွမ်းကျင်မှု (ICT Skills) ရှိလာမယ်ဆိုရင် လိုချင်တဲ့ အချက်အလက် အထောက်အထားတွေ လွယ်လင့်တကူ ရှာဖွေစုဆောင်းနိုင်မယ်။ ထိထိရောက်ရောက်လည်း ပြန်လည်အသုံးပြုနိုင်မယ်။ နိုင်ငံတကာမှာတော့ သင်ရိုးညွှန်းတမ်းရေးဆွဲတဲ့ Curriculum Developer ဆိုတာ ကိုယ်တိုင်ပဲ စာစီ၊ စာရိုက်၊ ဒီဇိုင်းဆင် စတာတွေကို ဆောင်ရွက်နိုင်သူတွေပဲ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ဆရာ ဆရာမတွေကို သင်ရိုးသစ်ဖတ်စာအုပ်တွေအတွက် လက်ရှိမှာ သင်တန်းတွေကို ဘယ်လိုပေးလျက်ရှိပါသလဲ။**

**ဒေါက်တာဇော်လတ်ထွန်း။** ။ကျွန်တော်တို့အခြေခံပညာမူလတန်းသင်ရိုးမှာ ပထမတန်း သင်ရိုးသစ်အတွက် ကျောင်းသုံးဖတ်စာအုပ်တွေကို ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်မှာစတင်ပြီးတော့ အသုံးပြုခဲ့တယ်။ အဲဒီလိုအသုံးပြုဖို့အတွက် ကြီးကြပ်သူများဆွေးနွေးပွဲသင်တန်း နှစ်ရက် နှစ်ကြိမ်ပြုလုပ်ခဲ့တယ်။ ဗဟိုအဆင့်သင်တန်း ၁၄ ရက်ကို နှစ်ကြိမ်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်သင်တန်း ၁၄ ရက်၊ မြို့နယ်အဆင့်သင်တန်း ၁၄ ရက်၊ ကျောင်းအုပ်စုသင်တန်း ၁၄ ရက်ဆိုပြီး ပို့ချပေးခဲ့ ပါတယ်။

တစ်ခါ အခြေခံပညာမူလတန်းသင်ရိုးရဲ့ ဒုတိယတန်း သင်ရိုးသစ်မှာ အဲဒီသင်ရိုးသစ် Text Book တွေကို ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ စတင်အသုံးပြုခဲ့တယ်။ အဲဒီသင်တန်းမှာလည်းပဲ ကြီးကြပ်သူများ ဆွေးနွေးပွဲသင်တန်းကို နှစ်ရက် နှစ်ကြိမ်၊ ဗဟိုအဆင့် ဆွေးနွေးပွဲသင်တန်းကို ငါးရက်နဲ့ သုံးကြိမ်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် သင်တန်းကတော့ ၁၄ ရက်၊ မြို့နယ်အဆင့်သင်တန်းက ၁၄ ရက်၊ ကျောင်းအုပ်စုသင်တန်းက ၁၄ ရက် ဆိုပြီးပေးခဲ့တယ်။ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် အခြေခံပညာမူလတန်းမှာရှိတဲ့ ဆရာ ဆရာမတွေအားလုံး ဒုတိယတန်းသင်ရိုးသစ်အတွက် သင်တန်းတွေရရှိပြီးတော့ ထိရောက်စွာ သင်ကြားပေးနိုင်မယ့် သင်ကြားသင်ယူမှုဆိုင်ရာ၊ သင်ကြားနည်းဆိုင်ရာ အတတ်ပညာနဲ့ စွမ်းရည်တွေ၊ စွမ်းဆောင်ရည်တွေကို မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

# ဂျပန်ဧကရာဇ်ဘုရင် နန်းတက်ပွဲအခမ်းအနား အောက်တိုဘာလတွင် ကျင်းပမည်

**ကျိုတို မတ် ၁၉**

အောက်တိုဘာလတွင် ကျင်းပမည့် ဂျပန်ဧကရာဇ် နန်းတက်ပွဲ အခမ်းအနားသို့ နိုင်ငံပေါင်း ၁၉၅ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များကို တက်ရောက်ချီးမြှင့်ကြရန် ဖိတ်ကြားသွားမည်ဖြစ်သည်ဟု ဂျပန်အစိုးရအဖွဲ့က စီစဉ်ထားကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

ဂျပန်အစိုးရအဖွဲ့က မတ် ၁၉ ရက်တွင် ပြုလုပ်ခဲ့သည့် အစည်းအဝေးတစ်ရပ်၌ အဆိုပါစီစဉ်မှုများကို သဘောတူညီခဲ့ကြခြင်းဖြစ်သည်။ ထို့အပြင် ဧကရာဇ်ဘုရင် အာခီဟီတို၏ နန်းစွန့်ပွဲကို ဧပြီ ၃၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မင်းသား နာရူဟီတိုက ဖခင်နန်းစွန့်ပြီး နောက်တစ်နေ့တွင် ဧကရာဇ်ဘုရင်အဖြစ် တာဝန်များ ဆက်လက်လွှဲပြောင်းယူမည်ဖြစ်ကြောင်း ဂျပန်အစိုးရအဖွဲ့က သဘောတူခဲ့ကြသည်။ မေ ၁ ရက်တွင် ဧကရာဇ်ဘုရင်သစ် နာရူဟီတိုက တော်ဝင်မင်းမြောက်တန်ဆာနှင့် တံဆိပ်တုံးကို လက်ခံယူမည်ဖြစ်သည်။ အဆိုပါနန်းတက်ပွဲသည် ဂျပန်တော်ဝင်မင်းဆက်များ လက်ထက်တွင် ပထမဆုံးအကြိမ်ဖြစ်သည်။

အောက်တိုဘာ ၂၂ ရက်တွင် ကျင်းပမည့် ဧကရာဇ်ဘုရင် နာရူဟီတို၏ နန်းတက်ပွဲအခမ်းအနားသို့ နိုင်ငံပေါင်း ၁၉၅ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ရန် ဖိတ်ကြားထားသည်။ ယင်းအခါသမယတွင် ဂျပန်ဧကရာဇ် နာရူဟီတိုက ဂျပန်နိုင်ငံ ပြည်သူများနှင့် ကမ္ဘာတစ်ဝန်းလုံးသို့ ဧကရာဇ်ဘုရင်အဖြစ် အခိုင်အမာ ကြေညာမည်ဖြစ်သည်။ အောက်တိုဘာ ၂၃ ရက်တွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ဇနီးတို့က တက်ရောက်ကြသော နိုင်ငံ့ခေါင်းဆောင်ကြီးများနှင့် ကိုယ်စားလှယ်တော်များအား ဂုဏ်ပြုညစာ တည်ခင်းဧည့်ခံမည်ဖြစ်သည်။ ဂျပန်နိုင်ငံ၏ သမိုင်းတွင်မည့် အခမ်းအနားဖြစ်သော ဧကရာဇ်ဘုရင်နန်းတက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရန် အစိုးရအဖွဲ့ တာဝန်ရှိသူများအား ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



ဧကရာဇ်ဘုရင်အာခီဟီတိုနှင့် မင်းသား နာရူဟီတိုတို့ကို ဧကရာဇ်နန်းတော် လသာဆောင်တွင် ဇန်နဝါရီ ၁ ရက်က တွေ့ရစဉ်။

# အကြမ်းဖက်မှုဖြစ်ပွားပြီးနောက် နယူးဇီလန်နိုင်ငံသားများ လက်ဝယ်ရှိသေနတ်များ အပ်နှံ

**ဝယ်လင်တန် မတ် ၁၉**

နယူးဇီလန်နိုင်ငံ ဘာသာရေးကျောင်းနှစ်ခုတွင် အကြမ်းဖက်မှုဖြစ်ပွားခဲ့ပြီးနောက် နယူးဇီလန်နိုင်ငံသူ၊ နိုင်ငံသားများက ၎င်းတို့ လက်ဝယ်ကိုင်ဆောင်ထားသော သေနတ်များကို စွန့်လွှတ်ကာ အာဏာပိုင်များထံသို့ အပ်နှံလျက်ရှိကြောင်း ယနေ့ အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

မတ် ၁၅ ရက်တွင် ခရစ်ချတ်ချ်မြို့ရှိ ဘာသာရေးကျောင်းနှစ်ခုတွင် အကြမ်းဖက်သေနတ်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ရာ လူ ၅၀ သေဆုံးခဲ့ပြီး လူအများအပြား ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

အာဏာပိုင်များက အကြမ်းဖက်သမား ဩစတြေးလျနိုင်ငံသား ဘရန်တန်တာရန်အား လက်ရဖမ်းဆီးထားပြီး လူအစုလိုက်အပြုံလိုက်သတ်မှုဖြင့် တရားစွဲဆိုထားသည်။ အခင်းဖြစ်ပွားချိန်တွင် ဘရန်တန်တာရန်ထံတွင် မှတ်ပုံတင်ထားသော သေနတ်ငါးလက် တွေ့ရှိခဲ့သည်။



နယူးဇီလန်နိုင်ငံတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့သည့် ဘာသာရေးကျောင်းရှေ့တွင် တာဝန်ကျနေသည့် ရဲတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

အဆိုပါ အကြမ်းဖက်မှုဖြစ်ပွားပြီးနောက် နယူးဇီလန်အစိုးရက ပြည်သူများ၏ အသက်နှင့်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန် လုံခြုံရေးများ ပိုမိုတင်းကျပ်စွာ ချထားမည်ဖြစ်သည့်အပြင် နိုင်ငံအတွင်း လက်ရှိကျင့်သုံးလျက်ရှိသော လက်နက်ကိုင်ဥပဒေကို ပြန်လည်ပြင်ဆင်မည်ဖြစ်ကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ထားသည်။

ထို့အပြင် အကြမ်းဖက်မှုဖြစ်ပွားခဲ့ခြင်းသည် နယူးဇီလန်နိုင်ငံသားများအား လွန်စွာအံ့ဩထိတ်လန့်သွားစေခဲ့သည်။ ထို့ကြောင့် နယူးဇီလန်နိုင်ငံသားများက ၎င်းတို့ လက်ဝယ်ရှိသော လက်နက်များကို အာဏာပိုင်များထံသို့ အပ်နှံလျက်ရှိကြောင်း သိရသည်။

မတ် ၁၈ ရက်မှစပြီး အာဏာပိုင်များက အနီးဆုံးရဲစခန်းများသို့ လက်နက်များ အပ်နှံရန် ပြည်သူများအား တိုက်တွန်းပြောကြားထားပြီး လက်နက်များကို မည်သို့လုံခြုံစိတ်ချစွာ သယ်ဆောင်ရမည်ဆိုသည်နှင့်ပတ်သက်ပြီး အကြံပြုပြောကြားလျက်ရှိကြောင်း သိရသည်။

နယူးဇီလန်နိုင်ငံအတွင်း မှတ်ပုံတင်ထားသော လက်နက်ကိုင်ဆောင်သူ အရေအတွက် ၁ ဒသမ ၁ သန်းခန့်ရှိပြီး နိုင်ငံသားလေးဦးတွင် သေနတ်တစ်လက်နှုန်း ကိုင်ဆောင်ခြင်းဖြစ်သည်ဟု သတင်းတွင်ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

# ပီကေကေအား ချေမှုန်းသည့် စစ်ဆင်ရေး တူရကီနှင့် အီရန်တပ်ဖွဲ့များ ပူးတွဲလုပ်ဆောင်

**အန်ကာရာ မတ် ၁၉**

တူရကီနှင့် အီရန်တပ်ဖွဲ့များက ကာဒစ်အလုပ်သမားပါတီ (ပီကေကေ)အား ချေမှုန်းသည့် စစ်ဆင်ရေးကို မတ် ၁၈ ရက်တွင် ပူးတွဲလုပ်ဆောင်ခဲ့ကြောင်း တူရကီပြည်ထဲရေးဝန်ကြီး ဆူလေမန်ဆွိုင်လုက ပြောကြားသည်။

**ချေမှုန်းရေးစစ်ဆင်မှု**

တူရကီနိုင်ငံ၏ အရှေ့ဘက်နယ်စပ်ဒေသတွင် တူရကီနှင့်အီရန်တပ်ဖွဲ့များက မတ် ၁၈ ရက် နံနက်အစောပိုင်းတွင် (ပီကေကေ) ချေမှုန်းရေးစစ်ဆင်မှုကို ပြုလုပ်ခဲ့ကြောင်း တူရကီပြည်ထဲရေးဝန်ကြီးက မြေထဲပင်လယ်ကမ်းခြေဒေသရှိ အန်တာလျာမြို့တွင် ပြောကြားသည်ဟု တူရကီအစိုးရပိုင် အန်နာဒိုလူ သတင်းဌာနက သတင်းဖော်ပြသည်။

စစ်ဆင်ရေး၏ အကျိုးရလဒ်များကို မကြာမီတွင် တူရကီအစိုးရက ထုတ်ပြန်ကြေညာသွားမည်ဟု ၎င်းက ပြောကြားခဲ့ပြီး အခြားအသေးစိတ် အကြောင်းအရာများကို ပြောကြားခြင်းမရှိပေ။

ကာဒစ်အလုပ်သမားပါတီ (ပီကေကေ)အား တူရကီ၊ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့က အကြမ်းဖက်အဖွဲ့အစည်းအဖြစ် စာရင်းသွင်းထားသည်။ လွတ်လပ်သော ကာဒစ်နိုင်ငံ တည်ထောင်နိုင်ရေးအတွက် ကာဒစ်အလုပ်သမားပါတီ (ပီကေကေ)က ၁၉၇၀ ပြည့်လွန်နှစ်များမှစ၍ တူရကီအစိုးရအား လက်နက်ကိုင်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

**တံတိုင်းတစ်ခုတည်ဆောက်**

မှောင်ခိုကုန်ကူးမှုများနှင့် ပီကေကေ စစ်သွေးကြွများ စိမ့်ဝင်ထိုးဖောက်ခြင်းကို တားဆီးရန်အတွက် တူရကီအစိုးရက ၂၀၁၇ ခုနှစ်မှစ၍ တူရကီနှင့် အီရန်နယ်ခြားဒေသတစ်လျှောက်တွင် တံတိုင်းတစ်ခုကို တည်ဆောက်ခဲ့သည်။

**ဆင်ဟွာ**

# ပြင်သစ်အစိုးရအား ဆန့်ကျင်ဆန္ဒပြမှုများ၌ အစွန်းရောက်သူများပါဝင်လာပါက ဆန္ဒပြမှုကို တားမြစ်မည်ဟုဆို

**ပါရီ မတ် ၁၉**

ပြင်သစ်အစိုးရအား ဆန့်ကျင်ဆန္ဒပြနေသည့် အဝါရောင်စွပ်ကျယ်ဝတ်များ၏ ဆန္ဒပြမှုများ၌ အစွန်းရောက်သူများ ပါဝင်လာခဲ့ပါက ပြင်သစ်အစိုးရက ယင်းဆန္ဒပြမှုအား တားမြစ်မည်ဟု ပြောကြားကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

ပြင်သစ်အစိုးရအား ဆန့်ကျင်ဆန္ဒပြမှုများသည် မြို့တော်ပါရီရှိ ချမ်အယ်လီဆေးလမ်းမကြီးတစ်လျှောက်နှင့် ပါရီမြို့တော်၏ အခြားဒေသများ၌ ယမန်နှစ် နိုဝင်ဘာလကတည်းက ဆန္ဒပြမှုဖြစ်ပွားခဲ့ပြီး ဆန္ဒပြသူများအနေဖြင့် ယင်းဒေသများကို ဆက်လက်အသုံးပြုသွားဖွယ်ရှိကြောင်း ပြင်သစ်ဝန်ကြီးချုပ် အက်ဒဝပ်ဖီလစ်ပေက ပြောကြားသည်။

အကြမ်းဖက်အုပ်စုများသည် ဆန္ဒပြသူများနှင့် ပူးပေါင်းပြီး ဖျက်ဆီးမှုများ ဖြစ်ပေါ်စေရန် အကြံအစည်ရှိကြကြောင်း ပြင်သစ်ဝန်ကြီးချုပ်က ပြောကြားသည်။ တရားဥပဒေနှင့်မညီညွတ်သည့် ဆန္ဒပြမှု ပြုလုပ်သူ မည်သူ့ကိုမဆို ပြင်သစ်အစိုးရက ဒဏ်ငွေတပ်ရိုက်မည်ဖြစ်ပြီး တပ်ရိုက်မည့်ဒဏ်ငွေမှာ မူလသတ်မှတ်ထားသည့်နှုန်းထက် လေးဆနီးပါးတိုးမြှင့်ကာ အမေရိကန်ဒေါ်လာ ၁၅၃ ဒေါ်လာနီးပါးရှိသည်ဟု ပြင်သစ်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

မတ် ၁၆ ရက်က အပတ်စဉ်ပြုလုပ်သည့် အဝါရောင်စွပ်ကျယ်ဝတ်များ၏ အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုသည် အကြမ်းဖက်မှုအဖြစ်သို့ အသွင်ပြောင်းသွားခဲ့ပြီး တန်ဖိုးကြီးအဝတ်အထည်နှင့် ဖက်ရှင်ပစ္စည်းဆိုင်များနှင့် ကော်ဖီဆိုင်များအပါအဝင် ဆိုင်ပေါင်း ၉၀ ကျော်မှာ အတိုက်ခိုက်ခံရပြီး ရှာဖွေမွှေနှောက် ခိုးယူခံရကာ မီးရှို့မှုများ ဖြစ်ပွားခဲ့သည်။

ပြင်သစ်နိုင်ငံတွင် လွန်ခဲ့သည့်နှစ် နိုဝင်ဘာလမှစ၍ လအတန်ကြာသည်အထိ ဖြစ်ပွားနေခဲ့သည့် အဝါရောင်စွပ်ကျယ်ဝတ် အစိုးရဆန့်ကျင်ရေး ဆန္ဒပြမှုများကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ သန်း ၁၉၀ ခန့်ရှိကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

**အေအက်ဖ်ပီ**



✪ ကျောဖုံးမှ

ထိုသို့တွေ့ဆုံစဉ် ၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်မတိုင်မီ NCA စာချုပ်လက်မှတ်ရေးထိုးနိုင်ရေးနှင့် နှစ်ဖက်တပ်များအကြား ယုံကြည်မှုတည်ဆောက်နိုင်ရန်၊ ပြည်နယ်နှင့် ပြည်ထောင်စုအဆင့် သဘောတူညီချက်များအား နှစ်ဖက်စလုံးမှ အလေးထားလိုက်နာဆောင်ရွက်ရန်၊ အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်ရန် လိုအပ်ပါက ညှိနှိုင်းဆောင်ရွက်သွားရန် စသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



**တပ်မတော်ညှိနှိုင်းဆွေးနွေးရေးအဖွဲ့နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အဖွဲ့မှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီအဖွဲ့ တွေ့ဆုံဆွေးနွေးစဉ်။**

# ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ကျင်းပမည်

**ရန်ကုန် မတ် ၁၉**

မြန်မာနိုင်ငံ ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ ( MORS) က ဦးစီး၍ SAT Japan Road Service Co., Ltd. ၏ စည်းရုံးမှုကုမ္ပဏီအဖွဲ့အစည်းများ၏ ထောက်ပံ့မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ညှိနှိုင်းအစည်းအဝေးကို မတ် ၁၅ ရက်က ဗိုလ်တထောင်မြို့နယ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ၁၂ ထပ်ခွဲရုံးအဆောက်အအုံ၌ ကျင်းပသည်။





အခမ်းအနားတွင် မြန်မာနိုင်ငံ ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အဖွဲ့အတွင်းရေးမှူး ဦးဗိုလ်ဋ္ဌေးက ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်လမ်းအန္တရာယ်လျော့နည်းကျဆင်းရေးအတွက် ဧပြီ ၂ ရက်မှ ၆ ရက်အထိ လှုပ်ရှားဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူတို့က ပါဝင်ဆွေးနွေးတင်ပြကြသည်။

ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးရက်သတ္တပတ်လှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁ ရက်တွင် အထက (၆)ဗိုလ်တထောင်ကျောင်းခန်းမတွင် ကျင်းပမည်ဖြစ်သည်။ ဖွင့်ပွဲနှင့်အတူ မတ် ၂၁ ရက်တွင် အထက (၂)လသာ မြည်လာခန်းမတွင် ပြုလုပ်သည့် ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအထိမ်းအမှတ် ကာတွန်း၊ ပန်းချီနှင့် လက်ကမ်းစာစောင်ပြိုင်ပွဲတွင် ဆုရရှိကြသူများကို ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုတွင် ရန်ကုန်မြို့ရှိ နေရာ ၃၀ တွင် ကျောင်းသားကျောင်းသူ၊ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများတို့က ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။ ယာဉ်မောင်းများနှင့် ခရီးသွားပြည်သူများတို့ကို လက်ကမ်းစာစောင်များပေးဝေခြင်းနှင့် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်သည်။

ထို့ပြင် ရန်ကုန်မြို့ရှိ လူကူးခုံးကျော်တံတားများတွင် သင့်ကြောင့် ယာဉ်အန္တရာယ်မဖြစ်ပါစေနှင့် ရေးသားထားသည့် အလျား ပေ ၃၀၊ အနံ ခြောက်ပေရှိ ဗီနိုင်းများကို လှုပ်ရှားမှုကာလအတွင်း ချိတ်ဆွဲထားမည်ဖြစ်သည်။ ဧပြီလ ပထမပတ်အတွင်း ပြုလုပ်သည့် ယာဉ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်မှုသည် မကြာမီရောက်ရှိလာမည့် မဟာသင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်လျော့နည်းကျဆင်းရေးအတွက်လည်း ရည်ရွယ်ကြောင်း သိရသည် ။

**အောင်သူရ**

# ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများအား သောက်သုံးရေ သွားရောက်လှူဒါန်း

**ညောင်ဦး မတ် ၁၉**

ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ဖြူစင်မေတ္တာပရဟိတရေလှူအသင်းနှင့် သုမင်္ဂလာပရဟိတ ရေလှူအသင်းတို့ ပူးပေါင်းအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီက သောက်သုံးရေအခက်အခဲများ ဖြစ်ပေါ်နေသည့် ညောင်ဦးမြို့နယ် ပနီတွင်းကျေးရွာ၊ စပါးသင်ကျေးရွာနှင့် ကန်စောင့်ကျေးရွာများသို့ သွားရောက်ပြီး ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်သည် အပူပိုင်းဒေသမိုးနည်းရပ်ဝန်းဒေသတွင် ပါဝင်နေသည့်အတွက် မြို့နယ်အတွင်းရှိ အညာကျေးလက်ဒေသများတွင် ဒေသခံကျေးလက်နေပြည်သူများ နှစ်စဉ် သောက်သုံးရေရှားပါးမှု အခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေရသည်။ ယခုနှစ်တွင် ညောင်ဦးမြို့နယ်၌ မိုးရွာသွန်းမှုလျော့နည်းခဲ့သည့်အတွက် အညာကျေးလက်ဒေသများရှိ မြေသားမိုးရေလှောင်ကန်ကြီးများတွင် မိုးရေဝင်ရောက်မှုများ နည်းပါးခဲ့ရာ ဆောလျင်စွာ ရေခန်းခြောက်မှုများဖြစ်ပေါ်ကာ ဒေသခံကျေးလက်နေပြည်သူများအနေဖြင့် သောက်သုံးရေရှားပါးမှုအခက်အခဲများ ကြုံတွေ့နေရကြောင်း ညောင်ဦးမြို့နယ် ပနီတွင်းကျေးရွာက ဒေသခံပြည်သူများထံမှ သိရသည်။



**လှူဒါန်းပေး**

"သောက်သုံးရေလှူဒါန်းပေးရာမှာ ပနီတွင်းကျေးရွာအတွက် ရေဂါလန် ၄၅၀၀၊ စပါးသင်ကျေးရွာအတွက် ရေဂါလန် ၄၅၀၀၊ ကန်စောင့်ကျေးရွာအတွက် ရေဂါလန် ၃၀၀၀ စုစုပေါင်းရေဂါလန် ၁၂၀၀၀ လှူဒါန်းပေးခဲ့ပါတယ်။ ဒါ့အပြင် ညောင်ဦး-ကျောက်ပန်းတောင်းသွား ကားလမ်းဘေးရှိ ခရီးသွားပြည်သူတွေ နားခိုနေထိုင်တဲ့ ဇရပ်ရေချမ်းစင်အတွက် ရေဂါလန် ၁၅၀၀ ကိုလည်း သွားရောက်လှူဒါန်းပေးခဲ့ပါတယ်"ဟု ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ဖြူစင်မေတ္တာပရဟိတရေလှူအသင်းမှ အသင်းဝင် ဦးဇော်ပွေးက ပြောသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

**❒ မြန်မာနှင့် တရုတ်(တိုင်ပေ)အသင်းမှ**

ပွဲထွက်လူစာရင်းတွင် ကျော်ဇင်ထက်(ဂိုး)၊ သက်နိုင်၊ ပြည့်ဖြိုးဇော်၊ ဇော်မင်းထွန်း၊ မင်းကျော်ခန့်၊ လှိုင်းဘိုဘို၊ လားဒင်မောရ၊ ရန်နိုင်ဦး၊ မောင်မောင်လွင်၊ အောင်မြင့်ထွန်း၊ ဝင်းနိုင်စိုးတို့ကို အသုံးပြုခဲ့ပြီး တရုတ်(တိုင်ပေ) အသင်းကို ရင်ဆိုင်ခဲ့သည်။

**စိုးရိမ်စိတ်များ**

ပထမပိုင်းတွင် တရုတ်(တိုင်ပေ)အသင်းက ဂိုးပေါက်ခြိမ်းခြောက်မှုပြုလုပ်နိုင်ခဲ့ပြီး မြန်မာဂိုးသမား ကျော်ဇင်ထက်နှင့် နောက်ခံလူများ အမှားမရှိ၍သာ ဂိုးမပေးခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းတွင် ပထမဆုံးပါဝင်ကစားခွင့်ရခဲ့သည့် မျက်နှာသစ် ကစားသမားအချို့မှာ ပထမဆုံး နိုင်ငံတကာပွဲဖြစ်သောကြောင့် စိုးရိမ်စိတ်များပြီး ထင်သလောက် အလုပ်မဖြစ်ခဲ့ပေ။

**အနီးကပ်ကန်သွင်း**

ပထမပိုင်းပြီးခါနီးတွင် အောင်သူ၊ ဒုတိယပိုင်းအစတွင် ငြိမ်းချမ်းအောင်တို့ကို ပြောင်းလဲအသုံးပြုပြီးမှ မြန်မာအသင်း တိုက်စစ်အသက်ဝင်လာပြီး ကွင်းလယ်ပိုင်း၏ ဖန်တီးပေးမှုလည်း ပိုကောင်းလာသည်။ ၅၆ မိနစ်တွင် အောင်သူ ဖန်တီးပေးမှုမှတစ်ဆင့် ငြိမ်းချမ်းအောင် ပယ်နယ်တီဧရိယာအတွင်း အနီးကပ်ကန်သွင်းခဲ့သော်လည်း တရုတ်(တိုင်ပေ) ဂိုးသမား ကာကွယ်နိုင်ခဲ့သလို ၅၈ မိနစ်တွင် အောင်သူ အနီးကပ်ကန်သွင်းခွင့်ရရာ လွဲချော်ခဲ့၍ နစ်နာခဲ့ရသည်။

**ထပ်မံခြေစမ်းမည်**

မိနစ် ၇၀ နောက်ပိုင်းတွင် တရုတ်(တိုင်ပေ)အသင်း အပြန်အလှန် ကစားနိုင်ခဲ့ပြီး ဂိုးရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း မြန်မာဂိုးသမား ကျော်ဇင်ထက် လက်စွမ်းပြကာကွယ်နိုင်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၂၅ ရက်တွင် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် ထပ်မံခြေစမ်းမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-စိုးညွန့်**

**❖ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းမှ**

ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲအားလုံးအတွက် လေ့ကျင့်ပြင်ဆင်နေသောကြောင့် ကစားသမားများ လေ့ကျင့်မှုမပြတ်စေရန် အသင်းနှင့်အတူ ထားရှိခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ ဦးတင်မြင့်အောင်၊ နည်းပြချုပ် ဦးဝင်းသူမိုး၊ လက်ထောက်နည်းပြ ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ ဂိုးနည်းပြ ဦးမြကိုမင်း၊ **ဂိုး** ဇာဇာမြင့် (အား/ကာသိပ္ပံ)၊ မေဇင်နွယ်(မြဝတီ)၊ သန္တာဦး(ဂန္ဓမာ)၊ **နောက်တန်း** ဝေဝေအောင်၊ အိရတနာဖြိုး၊ ခင်မျိုးဝင်း၊ ဇင်ဇင်နိုင် (အား/ကာသိပ္ပံ)၊ ခင်သန်းဝေ၊ အေးအေးမိုး၊ ခိုင်သဇင် (မြဝတီ)၊ ချစ်ချစ် (သစ္စာအားမာန်)၊ **အလယ်တန်း** ခင်မာလာထွန်း၊ နုနု၊ သင်းသင်းယု (အား/ကာသိပ္ပံ)၊ ငယ်ငယ်ထွေး၊ ခင်မိုးဝေ၊ ခင်မိုမိုထွန်း (သစ္စာအားမာန်)၊ လဲ့လဲ့လှိုင် (ဇွဲကပင်)၊ ရှုပါခိုင်၊ လှယဉ်ဝင်း (မြဝတီ)၊ **ရှေ့တန်း** ရီရီဦး (အား/ကာသိပ္ပံ)၊ ဝင်းသီဂီထွန်း(မြဝတီ)၊ ဂျူလိုင်ကျော် (သစ္စာအားမာန်) တို့ ပါဝင်သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**


# လုံခြုံရေးတပ်ဖွဲ့ဝင်များ လိုက်ပါလာသည့်ယာဉ်တန်းနှင့် မြောက်ဦးခရိုင် ရဲတပ်ဖွဲ့မှူးရုံးတို့အား AA အဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်

**နေပြည်တော် မတ် ၁၉**

မြောက်ဦးမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များလိုက်ပါလာသည့် ယာဉ်တန်းနှင့် မြောက်ဦးခရိုင် ရဲတပ်ဖွဲ့မှူးရုံးတို့အား ယမန်နေ့ညက မြို့နေပြည်သူလူထု၏ နေအိမ်များတွင် နေရာယူထားသည့် AA အဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်ခဲ့ကြောင်း သတင်းရရှိသည်။

ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့သည် ရခိုင်ပြည်နယ်အတွင်းရှိ နယ်မြေလူထုအတွက် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များ ဆောင်ရွက်ပေးလျက်ရှိစဉ် မတ် ၁၈ ရက် ည ၇ နာရီ ၃၅ မိနစ်တွင် မြောက်ဦးမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ လိုက်ပါလာသော ယာဉ်တန်းအား AA အဖွဲ့က မြောက်ဦးမြို့အဝင်၌ မြို့နေပြည်သူလူထု၏ နေအိမ်များပေါ်မှ နေရာယူ၍ နာရီဝက်ခန့်ကြာသည်အထိ ပစ်ခတ်ခဲ့ရာ






လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။

အလားတူ AA အဖွဲ့သည် မြောက်ဦးမြို့နယ် ထမ္မရစ်ရပ်ကွက်ရှိ မြောက်ဦးခရိုင် ရဲတပ်ဖွဲ့မှူးရုံးအား ရပ်ကွက်အတွင်းရှိ မြို့နေပြည်သူလူထု၏ နေအိမ်များတွင် အကာအကွယ်ယူ၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သောကြောင့် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

AA အဖွဲ့သည် ဒေသခံရခိုင်တိုင်းရင်းသား အများစုနေထိုင်သည့် မြောက်ဦးမြို့နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရှေးဟောင်းပုထိုးစေတီများနှင့် လူနေအိမ်များကို အကာအကွယ်ရယူ၍ ရည်ရွယ်ချက်ရှိရှိဖြင့် အဖျက်အမှောင့် လုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**

## ပခုက္ကူမြို့နယ်အတွင်း ဆိုင်ကယ်ခြောက်စီးနှင့်အတူ ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိ



**နေပြည်တော် မတ် ၁၉**

ပခုက္ကူမြို့မရဲစခန်းမှူး ဒုတိယရဲမှူး သိန်းဆန်းဦးနှင့် ဒုရဲအုပ်ဝေလင်းဇော်ဦးတို့ ပူးပေါင်းအဖွဲ့သည် ခိုးမှုများ ဖော်ထုတ်ဖမ်းဆီးရမိရေး မြို့နယ်များရှိ ရဲစခန်းများနှင့် မတ် ၃ ရက်တွင် ပူးပေါင်းဆောင်ရွက်ခဲ့ရာ အောင်လံမြို့နယ် ပြလိုကျေးရွာတွင် ဖိုးခွား(ခ)မျိုးအာကာ၊ အောင်မျိုးသူ၊ ကျော်လင်းထက်တို့ သုံးဦးအား ဟွန်ဒါကလစ် ၁၂၅ ဆိုင်ကယ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

**အမှုဖွင့်**

၎င်းဆိုင်ကယ်သည် လွန်ခဲ့သော သုံးလခန့်က ပခုက္ကူမြို့ အမှတ်(၁၁) ရပ်ကွက် မုန့်လုံးတောင်ဘုရား၌ ခိုးယူခဲ့သည့် ဆိုင်ကယ်ဖြစ်ပြီး ပြစ်မှုကျူးလွန်သူများ၏ ထွက်ဆိုချက်များအရ ပခုက္ကူမြို့နယ်အတွင်းမှ ခိုးယူခဲ့သည့် ဆိုင်ကယ်ငါးစီးကိုပါ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ပခုက္ကူမြို့မ ရဲစခန်းတွင် အမှုဖွင့်အရေးယူလျက်ရှိကြောင်း သိရသည်။

**မောင်လူမော်**

## မိုးကောင်းမြို့နယ်၌ သံလမ်းဖြတ်ကူးသောယာဉ်နှင့် ရထားတိုက်မိ၊ နှစ်ဦးဒဏ်ရာရ

**မိုးကောင်း မတ် ၁၉**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်၌ မတ် ၁၈ ရက်က ရထားလမ်းအား ဖြတ်ကူးမောင်းနှင်လာသည့် မော်တော်ယာဉ်နှင့်ရထားတိုက်မိ၍ ယာဉ်ပေါ်တွင်လိုက်ပါလာသူနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၈ ရက် မွန်းလွဲ ၁၂ နာရီခွဲက မြစ်ကြီးနားမှ မန္တလေးသို့ စက်ခေါင်းမောင်း ဦးခင်မောင်ဝင်း၊ ရထားထိန်း ဦးစိုးမြတ်ဆွေ မောင်းနှင်လာသည့် ၄၂ အစုန် ဒုတိယအမြန်ရထားနှင့် မိုးကောင်းမြို့နယ် ဆားမော်ဘူတာအနီး မီးရထားမိုင်တိုင်အမှတ် ၆၇၅/၁၇ နှင့် ၆၇၅/၁၈ တွင် ရွှေဘိုမြို့နယ် ဆိပ်ခွန်ကျေးရွာနေ ဦးသက်မျိုးမွန်(ခ)ကိုသက် မောင်းနှင်လာသည့် ယာဉ်က ရထားလမ်းအားဖြတ်ကူးစဉ် တိုက်မိ၍ ယာဉ်ပေါ်တွင် လိုက်ပါလာသူ ၁၇ ဦးအနက် အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**ဝင်းနိုင်(ကချင်မြေ)**

## မောင်တောမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၉**

မောင်တောမြို့နယ် နတ်မြစ်အတွင်း မတ် ၁၈ ရက် နံနက်ပိုင်းက တပ်မတော်မှ လှည့်ကင်းဆောင်ရွက်နေစဉ် လှေတစ်စင်းနှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**အမှုဖွင့်အရေးယူ**

ဖြစ်စဉ်မှာ မောင်တောမြို့နယ် နတ်မြစ်အတွင်း တပ်မတော်မှ လှည့်ကင်းဆောင်ရွက်နေစဉ် ဇီးပင်ချောင်းအနီးတွင် အမျိုးသားသုံးဦး လှော်ခတ်နေသည့် လက်ခတ်လှေတစ်စင်းအား တွေ့ရှိ၍ စစ်ဆေးရန်ခေါ်ယူစဉ် နှစ်ဦးမှာ ထွက်ပြေးသွားပြီး အဘူဆီးဒီးအား စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



**အဘူဆီးဒီးအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**

## ပေါ်တက်မှုန့် မှားသောက်မိ၍ သေဆုံး

**မိုးညို မတ် ၁၉**

မိုးညိုမြို့နယ် ကျားကျွန်းကျေးရွာတွင် ယနေ့နံနက် ၁၀ နာရီခွဲက အမျိုးသားတစ်ဦး ပေါ်တက်ဆေးမှုန့်ကို မှားယွင်းသောက်မိရာမှ သေဆုံးခဲ့သည်။

ဖြစ်စဉ်မှာ ဦးမြင့်ရွှေ ကျားကျွန်းကျေးရွာနေသူသည် ၎င်းနေအိမ်စားပွဲပေါ်တွင် တင်ထားသော ငှက်ထောင်ရာတွင် အသုံးပြုသည့် ပေါ်တက်အမှုန့်ကို မှားယွင်းသောက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုမင်း(မိုးညို)**

## ငါးစာဆင်းကျွေးရာမှ ကလေးငယ်တစ်ဦး ရေနစ်သေဆုံး

**မင်းလှ မတ် ၁၉**

မင်းလှမြို့ အမှတ်(၂)ရပ်ကွက် ရထားလမ်းဘေးရှိ အလျားပေ ၂၇၀၊ အနံပေ ၆၀ ရှိ စိမ်းလန်းစိုပြည်ရေးရေကန်အတွင်း၌ မတ် ၁၈ ရက်က ဇီးကုန်းမြို့ ဘော်ပင်ရွာနေ မောင်အောင်အောင်ဦးသည် ငါးစာဆင်းကျွေးရာမှ ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။

**ပေါက်စ (မင်းလှ)**

## မှုခင်းကျဆင်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**နွားထိုးကြီး မတ် ၁၉**

နွားထိုးကြီးမြို့မရဲစခန်းမှူး ဒုရဲမှူး ခင်မောင်ဦးနှင့်အဖွဲ့သည် နွားထိုးကြီးမြို့နယ် သာယာကုန်းကျေးရွာ ရွာလယ်ဘုန်းတော်ကြီးကျောင်းတွင် မှုခင်းကျဆင်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို မတ် ၁၇ ရက်က ပြုလုပ်ပြီး လူကုန်ကူးမှု၊ လူမှောင်ခိုကူးမှု၊ သက်ငယ်မုဒိမ်းမှု စသည်တို့ဖြစ်ရသည့် အကြောင်းများကို ပရိုဂျက်တာများဖြင့် ရှင်းလင်းဆွေးနွေးကာ အဆိုပါ ဖြစ်စဉ်များနှင့် ပတ်သက်၍ မိဘအုပ်ထိန်းသူများ လိုက်နာသင့်သည့်အချက်များ၊ ရှောင်ကြဉ်သင့်သည့်အချက်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။

**တင့်လွင်ဦး**

## မိုင်းရှူး၌ ဘုရားဖူးယာဉ်တစ်စီး ချောက်ထဲထိုးကျ တိမ်းမှောက်

**မိုင်းရှူး မတ် ၁၉**

တန့်ယန်း-မိုင်းရှူး-မိုင်းစံလမ်း၌ ဘုရားဖူးယာဉ်တစ်စီး မတ် ၁၈ ရက် မွန်းလွဲ ၁ နာရီက ချောက်ထဲထိုးကျတိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ် တန့်ယန်းမြို့မှ ဘုရားဖူးယာဉ်သည် တန့်ယန်း-မိုင်းရှူး-မိုင်းစံလမ်း မိုင်တိုင်အမှတ် (၄၀/၄)နှင့် (၄၀/၅)ကြားအကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါခရီးသည် ခုနစ်ဦးအနက် အမျိုးသမီးတစ်ဦးဒဏ်ရာ (စိုးရိမ်ရ)၊ ငါးဦးဒဏ်ရာ (မစိုးရိမ်ရ)ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအား မိုင်းရှူးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသစဉ် အမျိုးသမီးတစ်ဦး သေဆုံးသွားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## (၄၅)နှစ်မြောက် မွန်ပြည်နယ်နေ့ မော်လမြိုင်တွင်ကျင်းပ

**မော်လမြိုင် မတ် ၁၉**

(၄၅)နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားကို မတ် ၁၉ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံမှ ပေးပို့သည့် သဝဏ်လွှာကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ ကဖတ်ကြားသည်။

ယင်းနောက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာမင်းကြည်ဝင်းက မွန်ပြည်နယ်အဖြစ် သတ်မှတ်ရာတွင် လူမျိုးတစ်မျိုး၏ သီးခြားဝိသေသလက္ခဏာများဖြစ်သည့် နောက်ခံရာဇဝင်၊ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ နယ်မြေပိုင်နက်၊ စီးပွားရေးနှင့် လူဦးရေအတော်အတန်ရှိသည့် လူမျိုးစုအခြေခံစသော ပြည်နယ်တစ်ခုအနေဖြင့် သတ်မှတ်ထားသောအင်္ဂါရပ်အားလုံးနှင့် ပြည့်စုံနေသကဲ့သို့ ပြည်နယ်အတွင်းရှိ အခြားတိုင်းရင်းသားများနှင့်လည်း စုစုစည်းစည်း ညီညီညွတ်ညွတ်နှင့် ချစ်ခင်ရင်းနှီးစွာဖြင့် အေးချမ်းစွာနေထိုင်လျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် မွန်ပြည်သစ်ပါတီက ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းက မွန်ပြည်နယ်၏ ငြိမ်းချမ်းရေးသမိုင်းမှတ်တိုင်အသစ်ကို စိုက်ထူနိုင်ခဲ့သည့်အတွက် အထူးဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးထူးချွန်မှု၊ စက်မှုလက်မှုထူးချွန်မှု၊ စီမံခန့်ခွဲရေးထူးချွန်မှု၊ ပညာရေးထူးချွန်မှု၊ လူမှုရေးထူးချွန်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးထူးချွန်မှု၊ သုတေသနလုပ်ငန်းထူးချွန်မှု၊ ဝန်ထမ်းထူးချွန်မှုနှင့် အားကစားထူးချွန်မှု ဂုဏ်ထူးဆောင်ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြသည်။

ထို့နောက် မွန်၊ ကရင်၊ ပအိုဝ်းတိုင်းရင်းသားများနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက အကပဒေသာများဖြင့် ကပြဖျော်ဖြေပေးခဲ့ကြောင်းသိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လိုင်လင်းပီမြို့တွင် သောက်သုံးရေ ဖူလုံစွာရရှိမည်

**လိုင်လင်းပီ မတ် ၁၉**

ချင်းပြည်နယ် လိုင်လင်းပီမြို့၌ ရေပေးဝေရေးလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိပြီး ယင်းလုပ်ငန်းပြီးစီးပါက လိုင်လင်းပီမြို့နေ ပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်သည်။

အဆိုပါရေပေးဝေရေးလုပ်ငန်းသည် လိုင်လင်းပီမြို့မှ ခုနစ်မိုင်ဝေးသည့် လောက်မောန်ချောင်းမှ သွယ်ယူရမည်ဖြစ်ကြောင်းနှင့် စက်တင်ဘာလတွင် အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြို့လုံခြုံမှုရှိစေရေး ဆောင်ရွက်

**သထုံ မတ် ၁၉**

သထုံမြို့ ဘင်လှိုင်ရပ်ကွက်၌ မတ်လ ဒုတိယပတ်က သထုံမြို့နယ်မှူး ရဲမှူးစိုးအောင်နှင့် မြို့မစခန်းမှူး ဒုရဲမှူး ဇော်မင်းထွန်းတို့အဖွဲ့ မြို့လုံခြုံမှုအတွက် အဖျက်အမှောင့်လုပ်ငန်းများ ကြိုတင်တားဆီးကာကွယ်ရန် မြို့ဝင်၊ မြို့ထွက် ပိတ်ဆို့ရှာဖွေမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှိုင်ထွန်းအောင်(သထုံ)**



## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် စက်ရုံအလုပ်သမားများနှင့် တွေ့ဆုံ

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် မတ် ၁၈ ရက် နံနက် ၁၀ နာရီက လှိုင်သာယာမြို့နယ် စက်မှုဇုန် (၅) Ming Tax ( Myanmar Co. Ltd)စက်ရုံ၌ အလုပ်သမားများ၊ အလုပ်ရှင်များနှင့် တွေ့ဆုံသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အလုပ်သမားများ လုပ်ငန်းခွင်အတွင်း လုပ်ကိုင်ဆောင်ရွက်နေမှုကို ကြည့်ရှုရာ စက်ရုံမှတာဝန်ရှိသူများက လုပ်ငန်းလည်ပတ်လုပ်ကိုင်နေသည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အလုပ်သမားများနှင့်တွေ့ဆုံပြီး မိမိတို့ဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် လုပ်ငန်းခွင်ကျွမ်းကျင်ရေး၊ စိတ်ဓာတ်ခွန်အားမြှင့်တင်ရေးနှင့် အလုပ်ချိန်အတွင်း ပညာရအောင်ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မွန်းတည့် ၁၂ နာရီက လှိုင်သာယာမြို့နယ် ညောင်ကျေးရွာစက်မှုဇုန် (၁၊ ၂၊ ၃၊ ၄၊ ၆၊ ၇) စီမံခန့်ခွဲရေးရုံးများရှိ ဇုန်ကော်မတီဝင်များနှင့်တွေ့ဆုံပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **ဆန်းကျော်ဦး (ပြန်/ဆက်)**

## အသိပညာပေး ဟောပြော

**ရန်ကုန် မတ် ၁၉**

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ထမ္မနိုင်ကျေးရွာ ရွှေကျောင်းတိုက် ဘုန်းတော်ကြီးကျောင်း၌ မတ် ၁၇ ရက် နံနက် ၉ နာရီက ကော့မှူးမြို့နယ်ရဲတပ်ဖွဲ့မှူး (ယာယီ) ရဲမှူးဝင်းလှိုင်က မူခင်းအသိပညာပေး ဟောပြောခြင်းနှင့် ရန်ကုန်တောင်ပိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေး ခရိုင်ဦးစီးမှူး ဒေါ်ခင်စောမွန်နှင့် စစ်ဆေးရေးမှူး (၂) ဦးချမ်းငြိမ်းတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောခဲ့ကြောင်းသိရသည်။

**သက်ခိုင် (သန်လျင်)**

### တိုတိုထွာထွာဖတ်စရာ

## မော်လမြိုင်ကျွန်းမြို့နယ်၌ ရေစန်တားတာတည်ဆောက်

**မော်လမြိုင်ကျွန်း**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် မဘေကျေးရွာအုပ်စုတွင် ၁၉ မိုင် ၆ ဖာလုံရှည်လျားပြီး ကျေးရွာ ၁၁ ရွာ အကျိုးပြုရေငန်တားတာတည်ဆောက်ခဲ့ရာ မတ် ၁၇ ရက် ညနေ ၆ နာရီတွင် ပေပေါင်း ၁၁၀၀၀ တည်ဆောက်နိုင်ခဲ့သည်။

အဆိုပါ မဘေကျေးရွာအုပ်စုတွင် ရေငန်တားတာကို အောက်ခြေတာအကျယ် ၂၄ ပေ၊ အပေါ် မျက်နှာစာတာအကျယ် ၁၈ ပေနှင့် ဒုခြောက်ပေရှိပြီး လယ်ဧကပေါင်း ၅၄၄၈ ဧကအား နွေရာသီ ဆားငန်ရေဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

## ကမာရွတ်မြို့နယ်တွင် မှုခင်းအသိပညာပေး

**ရန်ကုန်**

ကမာရွတ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဟန်၊ မြို့မရဲစခန်းမှူး ဒုရဲမှူး မျိုးဦးတို့သည် မတ် ၁၈ ရက် ည ၇ နာရီက ကမာရွတ်မြို့နယ် အမှတ် (၁) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **ကိုရဲ**



## ကျန်းမာရေးစောင့်ရှောက်မှုအတွက်လှူဒါန်း

**ရန်ကုန် မတ် ၁၉**

ရုပ်ရှင်၊ ဂီတ၊ စာပေလောကမှ ကျန်းမာရေးချို့တဲ့သည့်အနုပညာရှင်များအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို မတ် ၁၆ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဝင်္ကဘာလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမ၌ ကျင်းပသည်။

"ကျွန်တော့်အနေနဲ့ ဘဘစည်သူဗိုလ်ကလေးတင့်အောင်ကို လေးစားတယ်၊ ဘဘကို ဂုဏ်ပြုချင်တဲ့အတွက်ကြောင့် ဘဘရဲ့ သမိုင်းကြောင်းကိုလည်း အတ္ထုပ္ပတ္တိရေးသားခဲ့တယ်၊ ကျွန်တော်ရေးသားခဲ့တဲ့ ခေတ်အဆက်ဆက်အနုပညာရှင် ဗိုလ်ကလေးတင့်အောင်စာအုပ်ကို ထွန်းဖောင်ဒေးရှင်းစာပေကော်မတီက ဆုချီးမြှင့်ပေးအပ်တယ်။ ဒီဆုရရှိတဲ့ငွေနဲ့ အနုပညာရှင်တွေအတွက် ကျန်းမာရေးထောက်ပံ့ပေးအပ်မှုကို ပြုလုပ်တာပါ၊ ကျွန်တော်နဲ့အတူ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းတို့ကလည်း ပါဝင်လှူဒါန်းခဲ့ပါတယ်" ဟု မတည်အလှူရှင် စာရေးဆရာမောင်ဆွေသက်က ပြောသည်။

အဆိုပါထောက်ပံ့ပေးအပ်ပွဲ၌ စည်သူဗိုလ်ကလေးတင့်အောင်နှင့် စာရေးဆရာ မောင်သက်ဆွေတို့က အနုပညာရှင်များအား လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ရုပ်ရှင်၊ ဂီတ၊ စာပေလောကမှ ကျန်းမာရေးချို့တဲ့သည့် အနုပညာရှင် ၁၈ ဦးအတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၁၅၀၀၀၀ စီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ-စိုးမြင့်အောင်**

## မြို့နယ်အချို့တွင် လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုဖြစ်ပွား

**မြိတ်**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တုံးဗျောကျေးရွာအုပ်စုတွင် မတ် ၁၈ ရက် ညနေ ၅ နာရီခန့်က အချိန်ခါမဟုတ် လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုကြောင့် ကျေးရွာခြောက်ရွာတွင် လူနေအိမ် ၃၃ လုံးပြိုကျခဲ့ပြီး ၂၃ လုံးပျက်စီးခဲ့သည်။

ပြိုကျခဲ့သည့် နေအိမ် ၃၃ လုံးမှာ လသာကျေးရွာတွင်လေးလုံး၊ ကင်းတပ်ကျေးရွာတွင်ရှစ်လုံး၊ ဘုရားကုန်းကျေးရွာတွင် ၁၂ လုံး၊ မွေ့ရှောင်ကျေးရွာတွင် ငါးလုံး၊ ချောင်းဝပြင်ကျေးရွာတွင်လေးလုံး ပြိုကျခဲ့ပြီး ပျက်စီးခဲ့သည့်အိမ် ၂၃ လုံးနှင့် စာသင်ကျောင်းမှာ လသာကျေးရွာတွင် ငါးလုံး၊ တုံးဗျောကြီးကျေးရွာတွင်လေးလုံးနှင့် အ-မ-ကစာသင်ကျောင်းတစ်ကျောင်း၊ ဘုရားကုန်းကျေးရွာတွင် သုံးလုံး၊ ကင်းတပ်ကျေးရွာတွင်ငါးလုံးနှင့် ကြက်ခြံတစ်ခြံ၊ မွေ့ရှောင်ကျေးရွာတွင် ခြောက်လုံးပျက်စီးခဲ့သည်။

လေဘေးသင့်ပြည်သူများမှာ နီးစပ်ရာဆွေမျိုးများထံတွင် တည်းခိုနေထိုင်လျက်ရှိကြကြောင်း၊ လေပြင်းတိုက်ခိုက်မှုကြောင့် နေအိမ်ပြိုကျပျက်စီးရာတွင် ထိခိုက်ဒဏ်ရာရသေဆုံးမှုများမရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မြတ်သူက ပြောသည်။

လေပြင်းတိုက်မှုကြောင့် နေအိမ်များနှင့် စာသင်ကျောင်းတစ်ကျောင်းပျက်စီးခဲ့သည့် တုံးဗျောကျေးရွာသို့ မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မျိုးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြပြီး မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူးက ဆန်ငါးအိတ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခိုင်ထူး (မြိတ် ပြန်/ဆက်)**

---

**ကသာ**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် မတ် ၁၈ ရက် ည ၇ နာရီခန့်တွင် လေနီကြမ်းတိုက်ခတ်ခြင်းကြောင့် သစ်ပင်သစ်ကိုင်းကျိုးကျခြင်း၊ ဓာတ်တိုင်ပြိုလဲခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ကသာမြို့တွင် ည ၇ နာရီ ၅၁ မိနစ်မှ ၈ နာရီ ၄၃ မိနစ်ထိ လေပြင်းတိုက်ခတ်ခြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးရွာခြင်းများ ဖြစ်ပေါ်ခဲ့သည်ဟု သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်တိုင်များကျိုးကျခဲ့ရာ လျှပ်စစ်မီးပြတ်တောက်ခဲ့သဖြင့် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ကျော်သန်းအဖွဲ့က လျှပ်စစ်မီး ပြန်လည်ရရှိနိုင်ရေးအတွက် လဲကျပျက်စီးသွားသော ဓာတ်တိုင်များအား ပြုပြင်လျက်ရှိကြောင်းနှင့် ကျိုးကျပျက်စီးသွားသော သစ်ကိုင်းများကြောင့် ပိတ်ဆို့နေသောလမ်းများအား မြို့နယ်မီးသတ်ဦးစီးဌာန တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့က စုပေါင်းရှင်းလင်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုတွင် ကသာခရိုင်အတွင်းရှိ ကသာ၊ ဝန်းသို၊ အင်းတော် မြို့နယ်များတွင်လည်း တစ်ပြိုင်နက်တည်း တိုက်ခတ်သွားကြောင်း သိရသည်။

**ဟန်မျိုးကျော် (ကသာ)**

# လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

၃၆။ (က) စစ်ဆေးရေးအရာရှိများသည် လုပ်ငန်းခွင်ထိခိုက်မှုများ၊ ဘေးအန္တရာယ်ရှိသောဖြစ်ရပ်များ၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါများ၊ လုပ်ငန်းခွင်အဆိပ်သင့်မှုများ ဖြစ်ပွားကြောင်း သိရှိရပါက စုံစမ်းစစ်ဆေးရမည်။

(ခ) မည်သူမဆို ဖြစ်ပွားခဲ့သည့် လုပ်ငန်းခွင်ထိခိုက်မှုများ၊ ဘေးအန္တရာယ်ရှိသောဖြစ်ရပ်များ၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါများ၊ လုပ်ငန်းခွင်အဆိပ်သင့်မှုများနှင့် သက်ဆိုင်သည့်ပစ္စည်းများ၊ စက်ကိရိယာများ၊ ကိရိယာတန်ဆာပလာများ၊ နေရာအခင်းအကျင်းများ၊ စာတမ်းအမှတ်အသားများ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ စစ်ဆေးရေးအရာရှိချုပ်၏ ခွင့်ပြုချက်မရဘဲ ဖယ်ရှားခြင်း၊ ဖျောက်ဖျက်ခြင်း၊ ထပ်ဖြည့်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း မပြုလုပ်ရ။

(ဂ) ပုဒ်မခွဲ (ခ) ပါတားမြစ်ချက်သည် အသက်အိုးအိမ်စည်းစိမ်၊ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သောလုပ်ငန်းများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့်သက်ဆိုင်ခြင်း မရှိစေရ။

(ဃ) ပုဒ်မခွဲ (ခ) အရ တားမြစ်မှုသည် နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပွားနိုင်ပါက စစ်ဆေးရေးအရာရှိချုပ်သည် ပစ္စည်းများ၊ စက်ကိရိယာများ၊ ကိရိယာတန်ဆာပလာများနှင့် နေရာအခင်းအကျင်းကို ဖယ်ရှားခြင်း၊ ဖြုတ်သိမ်းခြင်း၊ ထပ်ဖြည့်ခြင်း၊ ပြုပြင်ပြောင်းလဲခြင်းတို့ကို ဆောင်ရွက်ရန်ခွင့်ပြုနိုင်သည်။

၃၇။ ကောင်စီသည် ဘေးအန္တရာယ်ရှိသောဖြစ်ရပ်များဖြစ်ပွားခြင်း၊ လုပ်ငန်းခွင်ဆိုင်ရာရောဂါဖြစ်ပွားခြင်းနှင့် ကြီးမားပြင်းထန်သော လုပ်ငန်းခွင်ထိခိုက်မှုများကို လိုအပ်ပါက စုံစမ်းစစ်ဆေးရန် စုံစမ်းစစ်ဆေးရေးကော်မတီကို သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် ကျွမ်းကျင်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၃၈။ ပုဒ်မ ၃၇ အရ ဖွဲ့စည်းသည့် စုံစမ်းစစ်ဆေးရေးကော်မတီသည် စုံစမ်းစစ်ဆေးမှုနှင့်စပ်လျဉ်း၍ -

(က) ပုဒ်မ ၃၇ ပါ ကိစ္စအတွက် စုံစမ်းစစ်ဆေးရန် ရည်ရွယ်ချက်ဖြင့်သာ စုံစမ်းစစ်ဆေးမှုနှင့် သက်ဆိုင်သောနေရာသို့ ဝင်ရောက်စစ်ဆေးနိုင်ခွင့်ရှိသည်။

(ခ) စုံစမ်းစစ်ဆေးမှုနှင့်သက်ဆိုင်သော ပုဂ္ဂိုလ်များအား စုံစမ်းစစ်ဆေးရန် ဆင့်ဆိုခြင်း၊ စုံစမ်းမေးမြန်းခြင်းနှင့် စစ်ဆေးချက်များရယူခြင်း ပြုနိုင်သည်။

(ဂ) လိုအပ်သည့် စာရွက်စာတမ်း၊ စာရင်းဇယား၊ စာချုပ်၊ သက်သေခံအထောက်ထားများ၊ ပုံစံများ၊ နမူနာပစ္စည်းများကို ရယူနိုင်သည်။

(ဃ) စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်တို့ပါဝင်သော အစီရင်ခံစာကို သတ်မှတ်ရက်အတွင်း ကောင်စီသို့ တင်ပြရမည်။

**အခန်း (၁၁)**

**စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ၊ သင်တန်းပေးသူအဖြစ် ဆောင်ရွက်ခြင်းနှင့် သင်တန်းကျောင်းတည်ထောင်ဖွင့်လှစ်ခြင်း**

၃၉။ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူအဖြစ် လုပ်ကိုင်လိုသူသည် သတ်မှတ်ထားသည့် အရည်အချင်းများနှင့်ကိုက်ညီပါက အသိအမှတ်ပြုလက်မှတ်ရရှိရေးအတွက်သော်လည်းကောင်း၊ သင်တန်းကျောင်းတည်ထောင်သူအဖြစ် လုပ်ကိုင်လိုသူသည် မှတ်ပုံတင်လက်မှတ်ရရှိရေးအတွက်သော်လည်းကောင်း ညွှန်ကြားရေးမှူးချုပ်ထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၄၀။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) ပုဒ်မ ၃၉ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ အသိအမှတ်ပြုလက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ခွင့်ပြုသည့်အခါ ဝန်ကြီးဌာနက သတ်မှတ်ထားသည့် အခကြေးငွေပေးသွင်းစေပြီး လျှောက်ထားသူအား အသိအမှတ်ပြုလက်မှတ်၊ မှတ်ပုံတင်လက်မှတ်တို့၏ သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ၊ သင်တန်းပေးသူအား အသိအမှတ်ပြုလက်မှတ်ကိုလည်းကောင်း၊ သင်တန်းကျောင်းတည်ထောင်သူအား မှတ်ပုံတင်လက်မှတ်ကိုလည်းကောင်း အသီးသီးထုတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ(ခ)အရ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားသော စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ၊ သင်တန်းပေးသူနှင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးထားသော သင်တန်းကျောင်းများကို မှတ်ပုံတင်ထားရမည်။

၄၁။ (က) ပုဒ်မ ၄၀၊ ပုဒ်မခွဲ(ခ)အရ အသိအမှတ်ပြုလက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ရရှိသူသည် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်များနှင့်အညီအသိအမှတ်ပြုလက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ညွှန်ကြားရေးမှူးချုပ်ထံ လျှောက်ထားရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး အသိအမှတ်ပြုလက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက ဝန်ကြီးဌာနက သတ်မှတ်ထားသော သက်တမ်းတိုးမြှင့်ခ ပေးသွင်းစေပြီး လျှောက်ထားသူအား အသိအမှတ်ပြုလက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရမည်။

၄၂။ (က) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူသည် ဘေးအန္တရာယ်ရှိသော စက်ကိရိယာများနှင့်စပ်လျဉ်း၍ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ စမ်းသပ်စစ်ဆေးပြီး ဘေးအန္တရာယ်ကင်းရှင်းကြောင်း တွေ့ရှိပါက ဘေးအန္တရာယ်ကင်းရှင်းကြောင်း လက်မှတ်ကို သတ်မှတ်ချက်များနှင့်အညီ အလုပ်ရှင်အား ထုတ်ပေးရမည်။

(ခ) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ၊ သင်တန်းပေးသူ သို့မဟုတ် သင်တန်းကျောင်းတည်ထောင်သူသည် ဦးစီးဌာနက သတ်မှတ်ပေးသော စည်းကမ်းချက်များကို တိကျစွာလိုက်နာရမည်။

**အခန်း (၁၂)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၄၃။ ညွှန်ကြားရေးမှူးချုပ်သည်-

(က) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ၊ သင်တန်းပေးသူ သို့မဟုတ် သင်တန်းကျောင်းတည်ထောင်သူက အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိလျှင် လုပ်ငန်းဆောင်ရွက်ခွင့် ယာယီရပ်ဆိုင်းကြောင်း အကြောင်းကြားစာပေးပို့ရမည်-

(၁) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူအဖြစ် ဆောင်ရွက်ခွင့်ရရှိရန် သို့မဟုတ် သင်တန်းကျောင်းတည်ထောင်သူက သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်ခွင့်ရရှိရန် လျှောက်ထားရာတွင် မမှန်မကန်တင်ပြခဲ့ခြင်း၊

(၂) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူအဖြစ် ဆက်လက်လုပ်ကိုင်ရန် သို့မဟုတ် သင်တန်းကျောင်းအဖြစ် ဆက်လက်ဖွင့်လှစ်လုပ်ကိုင်ရန် သင့်လျော်မှုမရှိဟု စိစစ်တွေ့ရှိခြင်း၊

(၃) ဦးစီးဌာနမှသတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း။

(ခ) ပုဒ်မခွဲ (က) ပါ ယာယီရပ်ဆိုင်းကြောင်း အကြောင်းကြားစာနှင့်စပ်လျဉ်း၍ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ၊ သင်တန်းပေးသူ သို့မဟုတ် သင်တန်းကျောင်း တည်ထောင်သူအား အကြောင်းကြားစာလက်ခံရရှိပြီး သတ်မှတ်ရက်အတွင်း ဖြေရှင်းတင်ပြစေရမည်။

(ဂ) စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ၊ သင်တန်းပေးသူ သို့မဟုတ် သင်တန်းကျောင်းတည်ထောင်သူ၏ ပုဒ်မခွဲ(ခ)ပါ ဖြေရှင်းချက်အပေါ် ခိုင်လုံသောအကြောင်းပြချက်မရှိကြောင်းတွေ့ရှိလျှင် စီမံခန့်ခွဲရေးနည်းလမ်းအရ သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း သို့မဟုတ် ထုတ်ပေးထားသော အသိအမှတ်ပြုလက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုရမည်။

**အခန်း(၁၃)**

**အယူခံခြင်း**

၄၄။ (က) စစ်ဆေးရေးအရာရှိများက ပုဒ်မ ၁၈ အရ ထုတ်ဆင့်သည့်အမိန့်ကိုလည်းကောင်း၊ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ဂ) အရ လုပ်ငန်းဆက်လက်လုပ်ကိုင်ခြင်းမပြုရန် တားမြစ်ချက်ကိုလည်းကောင်း မကျေနပ်သူသည် အဆိုပါ အမိန့်ချမှတ်သည့် သို့မဟုတ် တားမြစ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကောင်စီက ဖွဲ့စည်းပေးသည့်အယူခံကော်မတီသို့ အယူခံဝင်နိုင်သည်။

(ခ) အယူခံကော်မတီသည် ပုဒ်မခွဲ(က) အရ အယူခံမှုကို စိစစ်ပြီး စစ်ဆေးရေးအရာရှိ၏အမိန့် သို့မဟုတ် တားမြစ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၄၅။ (က) ပုဒ်မ ၄၃ အရ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့်စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ကျေနပ်မှုမရှိသူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း အယူခံကော်မတီသို့ အယူခံဝင်နိုင်သည်။

(ခ) အယူခံကော်မတီသည် ပုဒ်မခွဲ (က) အရ အယူခံမှုကိုစိစစ်ပြီး ညွှန်ကြားရေးမှူးချုပ်က ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၄၆။ အယူခံမှုများနှင့်စပ်လျဉ်း၍ အယူခံကော်မတီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၄၇။ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ၊ သင်တန်းပေးသူ သို့မဟုတ် သင်တန်းကျောင်းတည်ထောင်သူသည် ပုဒ်မ ၄၃ အရ အသိအမှတ်ပြုလက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို ရပ်ဆိုင်းသည့် သို့မဟုတ် ပယ်ဖျက်သည့် ဆုံးဖြတ်ချက်ကို အယူမခံလျှင် ရက်ပေါင်း ၃၀ ပြည့်ပြီးနောက် ခုနစ်ရက်အတွင်း သို့မဟုတ် အယူခံသော်လည်း အယူခံကော်မတီက ပုဒ်မ ၄၅၊ ပုဒ်မခွဲ (ခ) အရ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကို အတည်ပြုလျှင် ထုတ်ပေးထားသည့် အသိအမှတ်ပြုလက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ခုနစ်ရက်အတွင်း ဦးစီးဌာနသို့ ပြန်လည်အပ်နှံရမည်။

**အခန်း (၁၄)**

**တားမြစ်ချက်များ**

၄၈။ (က) ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်းတစ်ခုခုကို လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသူနှင့်စတင်လုပ်ကိုင်လိုသူမည်သူမျှ ဦးစီးဌာနသို့ မှတ်ပုံတင်ရန် ပျက်ကွက်ခြင်းမပြုရ။

(ခ) မည်သူမျှ ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်းများရှိ အဆောက်အအုံဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ဖြိုဖျက်ခြင်း၊ လုပ်ငန်းစဉ်အလိုက် စက်ကိရိယာများ နေရာချထားခြင်း၊ တပ်ဆင်ခြင်း၊ တိုးချဲ့ခြင်း သို့မဟုတ် ပြောင်းလဲအသုံးပြုခြင်းများကို လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့်အညီ ဆောင်ရွက်လုပ်ကိုင်မည်ဖြစ်ကြောင်း ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ အကြောင်းကြားရန် ပျက်ကွက်ခြင်းမပြုရ။

(ဂ) မည်သူမျှ ညွှန်ကြားရေးမှူးချုပ်က ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်မရှိဘဲ စမ်းသပ်စစ်ဆေးပိုင်ခွင့်ရှိသူ သို့မဟုတ် သင်တန်းပေးသူအဖြစ်လည်းကောင်း၊ မှတ်ပုံတင်လက်မှတ်မရှိဘဲ သင်တန်းကျောင်းတည်ထောင်သူအဖြစ်လည်းကောင်း ဆောင်ရွက်ခြင်းမပြုရ။

၄၉။ မည်သည့်အလုပ်ရှင်မျှ-

(က) ပုဒ်မ ၁၈ အရ ယာယီရပ်နားရန် ထုတ်ဆင့်သည့် အမိန့်ကို လိုက်နာရန်ပျက်ကွက်ခြင်းမပြုရ၊

(ခ) ပုဒ်မ ၂၀၊ပုဒ်မခွဲ (ခ) အရ သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းမပြုရ၊

(ဂ) ပုဒ်မ ၂၁၊ပုဒ်မခွဲ (က) အရ စစ်ဆေးရေးအရာရှိကထုတ်ပြန်သည့် ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ခြင်းမပြုရ၊

(ဃ) ပုဒ်မ ၂၆၊ ပုဒ်မခွဲ (ထ) အရ သတ်မှတ်သည့်အလုပ်ချိန်ထက် ကျော်လွန်စေခိုင်းခြင်းမပြုရ၊

(င) ပုဒ်မ ၂၆၊ပုဒ်မခွဲ (ဒ) အရ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကုန်ကျစရိတ်များကို တာဝန်ယူကျခံရန် ပျက်ကွက်ခြင်းမပြုရ။

၅၀။ မည်သူမျှ စစ်ဆေးရေးအရာရှိချုပ်၏ ခွင့်ပြုချက်မရဘဲ ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ခ) ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ခြင်းမပြုရ။

၅၁။ ဤဥပဒေအရ ပေးအပ်သောတာဝန်ကို ထမ်းဆောင်သည့် မည်သည့်ပုဂ္ဂိုလ်မျှ မိမိ၏ရာထူးဆိုင်ရာ တာဝန်ဝတ္တရားများ ဆောင်ရွက်ရာ၌ သိရှိလာသည့်လုပ်ငန်းဆိုင်ရာ လျှို့ဝှက်ချက်တစ်ခုခုနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ရာထူးတာဝန်ထမ်းဆောင်နေစဉ်တွင်သော်လည်းကောင်း၊ ရာထူးတာဝန်မှအနားယူပြီးနောက်တွင်သော်လည်းကောင်း တရားရုံးတွင် သက်သေခံသည်မှအပ မည်သူကိုမျှ ထုတ်ဖော်ပြောဆိုခြင်းမပြုရ။

**အခန်း(၁၅)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၅၂။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ တာဝန်ခံမည်သူမဆို ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ငါးသိန်းမှအများဆုံးကျပ် တစ်ဆယ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ဆက်လက်ဖော်ပြပါမည်)

# တီထွင်မှု မူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ခ) တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခြင်းကြောင့် ဖြစ်ပေါ်လာသော အခွင့်အရေးရရှိသူ၏ ထိခိုက်နစ်နာမှုများအတွက် ထိပါးချိုးဖောက်သူမှ အခွင့်အရေးရရှိသူထံသို့ လုံလောက်သော နစ်နာကြေးပေးဆောင်စေရန်အတွက် ချမှတ်သည့်အမိန့် သို့မဟုတ် သင့်လျော်သောကိစ္စရပ်များတွင် အခွင့်အရေးရရှိသူမှ ကြိုတင်သတ်မှတ်တောင်းဆိုထားသော နစ်နာကြေးကိုဖြစ်စေ၊ ချိုးဖောက်သူမှ ရယူခံစားခဲ့သော အကျိုးအမြတ်ကိုဖြစ်စေ၊ နှစ်ရပ်လုံးကိုဖြစ်စေ ပြန်လည်ပေးစေရန်အမိန့်၊

(ဂ) အခွင့်အရေးရရှိသူ၏ တရားစရိတ်နှင့် ရှေ့နေစရိတ်တို့အပါအဝင် သင့်လျော်သော ကုန်ကျစရိတ်များကို ပေးဆောင်စေရန် အမိန့်။

၁၀၀။ (က) မူပိုင်ခွင့်တရားရုံးသည် အခွင့်အရေးရရှိသူ၏ လျှောက်ထားချက်အပေါ် တရားမ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိပါးချိုးဖောက်မှုအတွက် အပြီးသတ်ဆုံးဖြတ်ချက်အမိန့်ချမှတ်ရာ၌ သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ချမှတ်နိုင်သည်-

(၁) ထိပါးချိုးဖောက်ကြောင်းတွေ့ရှိသည့် ကုန်ပစ္စည်းများကို ဖျက်ဆီးခြင်း သို့မဟုတ် ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကိုတားမြစ်ခြင်း၊

(၂) ထပ်မံထိပါးချိုးဖောက်မှုကို လျော့နည်းစေရေးအတွက် လျော်ကြေးတစ်စုံတစ်ရာ ပေးဆောင်ခြင်းမရှိဘဲ ထိပါးချိုးဖောက်သော ကုန်ပစ္စည်းများကို ဖန်တီးရာတွင် အဓိကအသုံးပြုသော ပစ္စည်းများ သို့မဟုတ် ကိရိယာတန်ဆာပလာများကို ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို တားမြစ်ခြင်း။

(ခ) မူပိုင်ခွင့်တရားရုံးသည် ပုဒ်မခွဲ (က) အရ ဆောင်ရွက်ရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည်-

(၁) တားမြစ်မိန့်ချမှတ်ခြင်းကြောင့် ရရှိမည့် အကျိုးသက်ရောက်မှု၊

(၂) ဖျက်ဆီးမှုဆောင်ရွက်ခြင်းဖြင့် ထိပါးချိုးဖောက်မှုအတိုင်းအတာနှင့် အချိုးကျကိုက်ညီမှု၊

(၃) ဖျက်ဆီးပုံ၊ ဖျက်ဆီးနည်းသည် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု၊

(၄) အခြားပုဂ္ဂိုလ်များ၏ တရားဝင်အကျိုးစီးပွားထိခိုက်မှု။

၁၀၁။ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး ထိပါးချိုးဖောက်ခံရသည်ဟု မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်တိုင်ကြားကြောင်း ပေါ်ပေါက်လျှင် ယင်းသို့ တိုင်ကြားခြင်းကြောင့် မှားယွင်းစွာ ဟန့်တားခံရသည့် လျှောက်ထားခံရသူကို လျှောက်ထားသူက လျော်ကြေးပေးရမည့်အပြင် လျှောက်ထားခံရသူ၏ ကျသင့်သော ရှေ့နေစရိတ်အပါအဝင် တရားစရိတ်နှင့် အခြားကုန်ကျစရိတ်များကို လျှောက်ထားသူက ပေးဆောင်စေရန် မူပိုင်ခွင့်တရားရုံးက အမိန့်ချမှတ်နိုင်သည်။

၁၀၂။ (က) မူပိုင်ခွင့်တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်ရရှိသူ၏ အခွင့်အရေးများကို ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ တရားမကြောင်းဖြင့် တရားစွဲဆိုရာတွင် တီထွင်မှုမူပိုင်ခွင့်ပါ အကြောင်းအရာသည် ထုတ်ကုန်ပစ္စည်းတစ်ခုကို ရရှိနိုင်သည့် ထုတ်လုပ်မှုနည်းစဉ်တစ်ရပ်ဖြစ်ပါက ထပ်တူညီသော ထုတ်ကုန်ပစ္စည်းတစ်ခုကို ထုတ်လုပ်ရာ၌ အသုံးပြုသော ထုတ်လုပ်မှုနည်းစဉ်သည် တီထွင်မှုမူပိုင်ခွင့်ရရှိထားသော ထုတ်လုပ်မှုနည်းစဉ်နှင့် ကွဲပြားခြားနားကြောင်း သက်သေပြရန် လျှောက်ထားခံရသူကို အမိန့်ချမှတ်နိုင်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ရရှိထားသော နည်းစဉ်ဖြင့် ထုတ်လုပ်ထားသော ထုတ်ကုန်သည် အသစ်ဖြစ်လျှင် တီထွင်မှုမူပိုင်ခွင့်ရရှိသူ၏ ခွင့်ပြုချက်မရရှိဘဲ ထုတ်လုပ်ထားသည့် တူညီသော မည်သည့် ထုတ်ကုန်ပစ္စည်းကိုမဆို ဆန့်ကျင်ကွဲလွဲသည့် သက်သေမပြနိုင်လျှင် တီထွင်မှုမူပိုင်ခွင့်ရရှိထားသော နည်းစဉ်ဖြင့် ထုတ်လုပ်ထားသည်ဟု မှတ်ယူရမည်။

(ဂ) မူပိုင်ခွင့်တရားရုံးသည် ပုဒ်မခွဲ (က) အရ သက်သေခံအထောက်အထားတင်ပြရန် တောင်းခံရာတွင် ချိုးဖောက်ကျူးလွန်သည်ဟု စွပ်စွဲခံရသည့် လျှောက်ထားခံရသူက ယင်း၏ ထုတ်လုပ်မှုနည်းစဉ်များနှင့် စီးပွားရေးဆိုင်ရာ လျှို့ဝှက်ချက်များကို ထုတ်ဖော်ပြသခြင်းမရှိခဲ့လျှင် ထိုသူ၏ တရားဝင်အကျိုးစီးပွားများကို ထည့်သွင်းစဉ်းစားရမည်။

၁၀၃။ (က) မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေများတွင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ သင့်လျော်သော ကိစ္စရပ်များတွင် လျှို့ဝှက်သတင်းအချက်အလက်များကို အကာအကွယ်ပေးလျက် သက်သေခံအထောက်အထားများကို တစ်ဖက်အမှုသည်က တင်ပြရန် အမိန့်ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူက ယင်း၏တောင်းဆိုချက်များကို လုံလောက်စွာ အထောက်အကူပြုနိုင်မည့် ခိုင်လုံသည့် သက်သေခံအထောက်အထားများကို တင်ပြထားသောအခါ၊

(၂) ယင်းတောင်းဆိုချက်များနှင့်စပ်ဆိုင်သည့် ခိုင်လုံသော သက်သေခံအထောက်အထားများသည် တစ်ဖက်အမှုသည်၏ လက်ဝယ်တွင်ရှိကြောင်း တိကျစွာဖော်ပြထားသောအခါ။

(ခ) ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ မိမိအလိုအလျောက် ထိပါးချိုးဖောက်မှုတွင် မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေများ၌ ထိခိုက်နစ်နာသူနှင့် ထိပါးချိုးဖောက်သူတို့၏ စွပ်စွဲချက်များ သို့မဟုတ် သက်သေခံအထောက်အထားများအရ ကြားနာခွင့်ပေးပြီး ယင်းတို့၏ အပြန်အလှန်စွပ်စွဲငြင်းဆိုသည့် အချက်များအပါအဝင် သတင်းအချက်အလက်များအပေါ် အခြေခံ၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်းစသည့် ပဏာမနှင့် အပြီးသတ်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည် -

(၁) လိုအပ်သည့် သတင်းအချက်အလက်များကို ရယူရာတွင် ငြင်းဆိုလျှင်၊

(၂) သင့်လျော်သောကာလအတွင်း လိုအပ်သော သတင်းအချက်အလက်များကို မပေးပို့နိုင်လျှင်၊

(၃) အရေးယူဆောင်ရွက်မှုနှင့်စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို သိသာစွာဟန့်တားလျှင်။

၁၀၄။ မူပိုင်ခွင့်တရားရုံးသည် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးထိပါးချိုးဖောက်ခြင်းအတွက် အရေးယူဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဤဥပဒေတွင် အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိလျှင် သက်သေခံအက်ဥပဒေ၊ တရားမကျင့်ထုံးဥပဒေနှင့် အခြားစပ်ဆိုင်သည့် တည်ဆဲဥပဒေတို့ပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်နိုင်သည်။

**အခန်း(၂၄)**

**ပြစ်ဒဏ်များ**

၁၀၅။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည် -

(က) တီထွင်မှုမူပိုင်ခွင့် သို့မဟုတ် အသေးစားတီထွင်မှု မူပိုင်ခွင့်လက်မှတ်ကို မမှန်မကန် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း၊

(ခ) မှတ်ပုံတင်စာရင်းတွင် မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း၊

(ဂ) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်နှင့်အတူ တီထွင်မှုဆိုင်ရာ အသေးစိတ်အချက်အလက်များနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို ထုတ်ပြန်ကြေညာခြင်းမပြုမီ သတ်မှတ်သည့် ကာလအတွင်း၌ သက်ဆိုင်မှုမရှိသူအား ခွင့်ပြုချက်မရှိဘဲ ပေးအပ်ခြင်း၊ အများပြည်သူသို့ ထုတ်ဖော်အသိပေးခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်း၊

(ဃ) တီထွင်မှုဆိုင်ရာ အသေးစိတ်အချက်အလက်များကို သက်ဆိုင်မှုမရှိသူအား ခွင့်ပြုချက်မရှိဘဲ ပေးအပ်ခြင်း၊ အများပြည်သူသို့ ထုတ်ဖော်အသိပေးခြင်း သို့မဟုတ် အသုံးပြုခွင့်ပေးခြင်း။

၁၀၆။ မည်သူမဆို ထုတ်ကုန်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက် တင်သွင်းထားခြင်းမရှိဘဲဖြစ်စေ၊ တင်သွင်းထားခဲ့သည့် လျှောက်ထားချက်ကို ငြင်းပယ်ခံထားရလျက်ဖြစ်စေ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို တင်သွင်းထားသည် သို့မဟုတ် တီထွင်မှုမူပိုင်ခွင့်ရရှိခြင်းမရှိဘဲ တီထွင်မှုမူပိုင်ခွင့်ရရှိပြီးဖြစ်သည်ဟု မမှန်မကန်ဖော်ပြကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း ၂၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**အခန်း (၂၅)**

**အထွေထွေ**

၁၀၇။ အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ တီထွင်မှုမူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် ပြစ်မှုတစ်ရပ်ရပ်ကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၁၀၈။ မှတ်ပုံတင်အရာရှိသည် ဤဥပဒေအရ ယင်းကို အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဆုံးဖြတ်ရာတွင် တစ်စုံတစ်ဦးအား ထိခိုက်နစ်နာစေမည်ဆိုပါက သတ်မှတ်ချက်များနှင့်အညီ ထိုသူကို တင်ပြကြားနာခွင့်ပေးရမည်။

၁၀၉။ မှတ်ပုံတင်အရာရှိက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပြီး တံဆိပ်ခတ်နှိပ်ထားသော တီထွင်မှုမူပိုင်ခွင့်လက်မှတ်မိတ္တူနှင့် အထောက်အထားစာရွက်စာတမ်းများကို သက်ဆိုင်ရာ မူပိုင်ခွင့်တရားရုံးတွင် သက်သေခံအဖြစ် တင်ပြခွင့်ရှိသည်။

၁၁၀။ လျှောက်ထားသူ အမြဲတမ်းနေထိုင်သည့် နေရာ သို့မဟုတ် လုပ်ငန်းတည်ရှိရာ ပင်မနေရာသည် နိုင်ငံတော်၏ နယ်နိမိတ်ပြင်ပတွင်ဖြစ်ပါက ကိုယ်စားလှယ် သို့မဟုတ် ဦးစီးဌာနက သတ်မှတ်သည့် နည်းလမ်းနှင့်အညီ မှတ်ပုံတင်ထားသော တီထွင်မှုမူပိုင်ခွင့် အကျိုးဆောင်ကိုယ်စားလှယ်မှတစ်ဆင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း တီထွင်မှုမူပိုင်ခွင့် လျှောက်ထားနိုင်သည်။

၁၁၁။ တီထွင်ထားသည့် ထုတ်ကုန်နှင့် ထုတ်လုပ်မှုနည်းစဉ်တို့သည် ဒြပ်ရှိသည်ဖြစ်စေ၊ မရှိသည် ဖြစ်စေ၊ ထိတွေ့၍ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ မည်သည့်ပုံစံဖြင့်မဆို ရှိစေကာမူ ရွှေ့ပြောင်းနိုင်သောပစ္စည်းအဖြစ် မှတ်ယူရမည်။

၁၁၂။ ဤဥပဒေပါ တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို ထိပါးချိုးဖောက်မှုများသည် အစိုးရဌာနနှင့် တရားဝင် ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်က စီးပွားရေးအလို့ငှာ မဟုတ်ဘဲ နိုင်ငံတော်၏ အရေးပေါ်အခြေအနေနှင့် အများပြည်သူ ဘေးအန္တရာယ်ကိစ္စများတွင် တီထွင်မှုမူပိုင်ခွင့်ရရှိထားသော ကုန်ပစ္စည်းတစ်ခုခုကို အများပြည်သူအကျိုးငှာ အသုံးပြုခြင်းနှင့်သက်ဆိုင်ခြင်း မရှိစေရ။

၁၁၃။ တီထွင်မှုမူပိုင်ခွင့်အငြင်းပွားသူ ပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို နှစ်ဦးနှစ်ဖက် ချစ်ကြည်စွာ ညှိနှိုင်းဖြေရှင်းခြင်းဖြင့်ဖြစ်စေ၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့်ဖြစ်စေ၊ တရားစွဲဆိုခြင်းဖြင့်ဖြစ်စေ ဖြေရှင်းနိုင်သည်။

၁၁၄။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်စေရန် ဝန်ကြီးဌာနသည် ဗဟိုကော်မတီနှင့် အေဂျင်စီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည့်အပြင် ကုန်ကျစရိတ်များကိုလည်း ကျခံရမည်။

၁၁၅။ ဝန်ကြီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သည့် ဗဟိုကော်မတီအဖွဲ့ဝင်၊ အေဂျင်စီအဖွဲ့ဝင်နှင့် လုပ်ငန်းအဖွဲ့ဝင်တို့၏ ချီးမြှင့်ငွေနှင့်စရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ပေးရမည်။

၁၁၆။ ဤဥပဒေပါ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ ရာထူးသက်တမ်းအတိုင်းဖြစ်သည်။

၁၁၇။ ဝန်ကြီးဌာနသည် အေဂျင်စီ၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ဦးစီးဌာနနှင့် ၎င်း၏ မူပိုင်ခွင့်ဆိုင်ရာ နယ်ပယ်အလိုက် ဌာနခွဲများကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၁၁၈။ ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် ဗဟိုကော်မတီနှင့် အေဂျင်စီတို့သည် မူပိုင်ခွင့်ဥပဒေအားလုံးအတွက် အကျုံးဝင်သည်ဟု မှတ်ယူရမည်။

၁၁၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးနှင့် သက်ဆိုင်သောနည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့်သက်ဆိုင်ရာဝန်ကြီးဌာနတို့သည် -

(၁) နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(၂) အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) အေဂျင်စီနှင့်ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

BRITISH UNIVERSITY COLLEGE

University of Sunderland

ချစ်ခင်လေးစားအပ်ပါသော
ဆရာ၊ဆရာမများ၊ မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ......
University of Sunderland (UK) & British University College တို့ မှ ပူးပေါင်းကျင်းပသော ( 100%, 50%) Scholarship Opportunities များ ရရှိနိုင်မည့် Programme များအကြောင်း ဆွေးနွေးပွဲကို တက်ရောက် ပါဝင်ဖို့ ဖိတ်ခေါ်လိုက်ပါရစေ။

SPEAKERS

Mr. Robin Ling
Deputy Regional Director (East Region)
International Office, University of Sunderland

Mr. Francis Chiang
Regional Director (East Region)
International Office, University of Sunderland

24 Mar 2019 | 1:00PM – 3:00PM
Sule Shangri - La Hotel, Mandalay Hall

"British University College တွင် (၆)လ တက်ရောက်ပြီး University of Sunderland (UK) တွင် Foundation နှစ် ပြန်တက်စရာမလိုပဲ Bachelor Degree ကို ဆက်လက်တက်ရောက် နိုင်ပါပြီ။"

တက်ရောက်သင့်သည့် သူများ ...

.IGCSE , GCE 'O' Level, ဆယ်တန်းအောင်, A level, Grade 12, ABE အောင်မြင်ထားသူများအတွက် Bachelor Degree တက်ရောက်ချင်သူများ၊
.HND ပြီးထားသော ကျောင်းသား/ကျောင်းသူများအတွက် Top - Up Degree တက်ရောက်ချင်သူများ၊
.တက္ကသိုလ်တွဲ့ရများအတွက် Master Degree တက်ရောက်လိုသူများ . . .

SCHOLARSHIP
100%
50%

REGISTER NOW
FREE ENTRY

Ph - 09 426 26 5550, 09 426 26 5551, 09 426 26 5552
S -၂၅၊ ဦးချစ်မောင်အိမ်ရာ၊ (KBZ Bank နှင့် Family Sushi) ကြား၊ ဦးချစ်မောင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၁၊ မြေကွက်အမှတ်၉၅၄/ခ၊ မြေကွက်တည်နေရာအမှတ်(၉၅၄/ခ)၊ ဘုရင့်နောင်လမ်းမ၊ (၅၁)ရပ်ကွက်၊ ဒဂုံမြောက်ပိုင်းမြို့နယ် (ဒေါ်စန်းစန်းရီ) [၁၂/လမန(နိုင်)၁၀၅၄၄၀] [U/RGN-009390) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်စန်းစန်းရီထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၄၃၇ (၁၆-၃-၀၇)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးတင်မောင်ဝင်း [၁၂/ဥကမ(နိုင်)၁၃၁၃၉၀]မှ ဂရန် မူရင်း၊ နိုင်ကတ်၊ ပါဝါ၊ ပါဝါမရုပ်သိမ်းသေးကြောင်း ကမာရွတ်မြို့နယ်တရားရုံး ကျမ်းကျိန်ဆိုသူ အရာရှိရှေ့တွင် ပြုလုပ်ထားသည့် (၂၀-၂-၁၈)ရက်စွဲပါ ကျမ်းကျိန်လွှာ အမှတ်စဉ်-(၆၁၇/၂၀၁၈)တို့တင်ပြ၍ အရောင်းမြေပုံကူး လျှောက်ထားလာပါသည်။ သို့ပါ၍ မြို့/မြေစာရင်းတွင် အမည်ပေါက်ပါဝင်ခြင်းမရှိပါသဖြင့် မြို့/အိမ်သို့ညှိနှိုင်းခဲ့ပါ သည်။ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း(၅၁)၊ မြေကွက်အမှတ်(၉၅၄/ခ)၊ ဧရိယာ (၀.၀၂၇)ဧက အမှုတွဲအမှတ်၊ (၀၀၈၄/ဒဂမ/၅၁/၉၅) မြေကွက်၏ အမည်ပေါက်သူ ဒေါ်စန်းစန်းရီ အမျိုးသား မှတ်ပုံတင်အမှတ် (U/RGN-009390) အားပြည်ခိုင်ဖြိုးပါတီမှ ထုတ်ပေးထားသည်မှာ မှန်ကန်ပါကြောင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ (၁၁-၁၀-၁၈) ရက်စွဲပါ ထောက်ခံချက်ပူးတွဲ၍ မြို့/အိမ်မှ (၂၁-၁၂-၁၈) ရက်စွဲပါစာဖြင့် ပြန်ကြားလာပါသည်။ ကွင်းဆင်းစစ်ဆေးခဲ့ရာ (၂)ထပ်တိုက်(၁)လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင်နေထိုင်ပါသည်။ သို့ဖြစ်ပါ၍ SP-ဦးတင်မောင်ဝင်း၏ အရောင်းမြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

LUCKY ELEVEN (အိမ်ခြံမြေအကျိုးဆောင်)

| | | |
|---|---|---|
| သာယာဝတီ၊ မလီခအိမ်ယာ၊ ဝါမစ် | (59x101)မြေ | 5490 L |
| 7 ဗိုင် တုန်းမြင့်ရိပ်သာ | (4900-Sqft)မြေ | ညှိနှိုင်းရေး |
| မရမ်း၊ ပါရမီလမ်းမ | (41x87)မြေ | 10500 L |
| တ/ဥ ငွေကြာရံရိပ်သာ | (40x60)မြေ | 4250 L |
| 9 ဗိုင် Ocean Condo | (1900-Sqft) | 2190 L |
| ရန်ကင်း၊ ကျောက်တုန်းလမ်းဆုံအနီး(အငှား) | (25x80)3RC | 25 L |

: 09 5192055, 09 4431 87280, 09 4200 444 66

GW
0973226006
0973133528
0973077569
အိမ်ပြောင်းအိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ
ဝန်ဆောင်မှုပေးသည်။ နယ်
အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

သိန်းသန်းဆက်
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09-440390558
09-784109116

ဝိဇ္ဇာယတြာဆရာမိုး
တလေးအမည်ပေး
09 4210 89208

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကျော်ကျော်[၁၂/ကမရ(နိုင်)၀၅၇၁၇၉]၏ TANKER လက်မှတ် (T-0064 1414) သည် ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက အမြန်ဆုံး အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၂၆၂၇၆၁၀**

ဥတုရာသီ တောကိုမှီ၏

ရွှေဆွဲပြားများ ပိုင်ဆိုင်ဖို့ နယူးဟော်လန် ဖြေးဝယ်စို့...!

NEW HOLLAND AGRICULTURE

နယူးဟော်လန်ထွန်စက်များကို 50 hp ~180 hp ထိ ရှိမယ်ကာ, MADB ဘဏ်တို့နှင့်ငှင်း၊ TT75, TD90 မော်ဒယ် (၂)မျိုးအား စက်မှုလယ်ယာနှင့်ငှင်း စီတ်တိုင်းကျ ချိတ်ဆက်ဝယ်ယူ၍ ပြေလ ဒုတိယပတ်အတွင်း ကျင်းပပြုလုပ်မည့် (၁၃၈၁) ခုနှစ် မြန်မာ့နှစ်သစ်ကူးအထူးလက်ဆောင် ရွှေဆွဲပြားများ ကို မည်သည့် နယူးဟော်လန်ထွန်စက်အတွက် မဆို ပြန်လည်ချီးမြှင့်မည့် အစီအစဉ်တွင် ပါဝင်ဆင်နွဲရယူလိုက်ပါ...



၁ ကျပ်သား
၁ ကျပ်ခွဲသား
၂ ကျပ်သား
၂ ကျပ်ခွဲသား
ရွှေဆွဲပြားများ



ဖေဖော်ဝါရီ (၁၃) ရက်မှ ဧပြီ (၅) ရက်နေ့အထိ ဝယ်ယူသူများသာ ( အရေအတွက်ကန့်သတ်ထားပါသည် )

- အရစ်ကျစနစ်များစွာရွေးချယ်ဝယ်ယူနိုင်ခြင်း
- အပိုပစ္စည်းများ အလွယ်တကူရရှိနိုင်ခြင်း
- အကောင်းဆုံးသော ဝန်ဆောင်မှုများ
- အကောင်းဆုံးသော အရည်အသွေး

Yoma Heavy Equipment (CPCL)

ရန်ကုန်ရုံးချုပ် : အမှတ်(၁၁၅၉)၊ (အက်ဖ်အမ်အိုင်)ပဒေသာပင်မြို့တော်၊ ဂိတ် (၂)၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ရန်ကုန် - ၀၁၃ ၆၈၇၀၀၂~၃ ၊ မန္တလေး - ၀၂ ၅၁၅ ၃၂၃၀ ၊ နေပြည်တော် - ၀၆၇ ၂၅၉၄၆ ၊ ပုသိမ် - ၀၄၂ ၂၉၁၆၄ ၊ ဟဲဟိုး - ၀၉ ၄၅၇ ၄၅၅ ၄၀၉၊
နောင်ချို - ၀၉ ၄၅၇ ၄၅၅ ၄၀၈၊ ပခုက္ကူ - ၀၉ ၄၅၇ ၄၅၅ ၄၁၀၊ ပြည် - ၀၉ ၇၈၃ ၃၈၈ ၀၅၇ ၊ မကွေး - ၀၉ ၇၆၁ ၀၉၅ ၀၂၄၊ ဟသာတ- ၀၉ ၄၅၃ ၂၃၅ ၈၈၀၊
မအူပင် - ၀၉ ၇၇၃ ၈၂၆ ၅၇၉၊ မိတ္ထီလာ - ၀၉ ၇၇၉ ၉၇၇ ၈၂၀၊ လှိုင်ကော် - ၀၉ ၇၆၉ ၂၀၅ ၂၉၂၊ ရွှေဘို - ၀၉ ၉၆၃ ၄၇၃ ၉၄၃၊ ကလေး - ၀၉ ၉၅၀ ၉၃၆ ၀၁၅၊

The Legend continues..... New Branches now open..... More products coming..... !!!

C B BANK

လေးစားအပ်ပါသော CB Bank ၏ မိတ်ဟောင်းမိတ်သစ် Customer များအား CB Bank ဒဂုံမြောက်(ပြည်ထောင်စုလမ်း)ဘဏ်ခွဲ အသစ်ကို ဖွင့်လှစ်၍ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအား ဆောင်ရွက်ပေးနေပြီ ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။




## ဒဂုံမြောက်ဘဏ်ခွဲ(ပြည်ထောင်စုလမ်း)

အမှတ်(၃၈)၊ မြေကွက်အမှတ် (ပ/၅၇)၊ ပြည်ထောင်စုလမ်းမကြီး၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

Fax : (95) **01 8011400, 8011414, 8011415**

Tel : (95) **01 8011401,**

Email : **ndg-pdsroadbr@cbbank.com.mm**

## ဒေါက်တာအောင်စကြာဘဒ္ဒန္တစန္ဒသူရိယ၏ အောင်စကြာဓမ္မရိပ်သာ သင်္ကြန် (၇) ရက် တရားစခန်းပွဲ၊ ဧပြီ ၁၁ မှ ၁၇

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာဓမ္မရိပ်သာ၌ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာအောင်စကြာဘဒ္ဒန္တစန္ဒသူရိဆရာတော်သည်၊ ပဋိစ္စသမုပ္ပါဒ်နှင့်သစ္စာလေးပါးတရားတော်များကို အခြေခံမှုစ၍ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ မူအတိုင်း ၂၀၁၉ခု ဧပြီ (၁၁) ရက်မှ (၁၇)ရက်ထိဟောပြောပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဧပြီ (၈) ရက်နေ့နောက်ဆုံးထား၍ နေ့စဉ် မွန်းလွဲ ၁နာရီမှ ၆ နာရီအတွင်း စခန်းဝင်အလှူငွေ ၁၀၀၀၀ိ/ဖြင့် အမည်စာရင်းပေးသွင်းကြပြီး မှတ်ပုံတင်၊ ယောဂီဝတ်စုံ၊ အိပ်ရာလိပ်၊ ဆေးဝါး လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများ ယူဆောင်၍ ဧပြီ(၁၀) ရက်နေ့ညနေ(၅)နာရီအရောက် ရိပ်သာသို့ဝင်ကြရပါမည်။ ဧပြီ (၁၀) ရက်နေ့ မွန်းတည့် (၁၂)နာရီတွင် စုပေါင်းဒုလ္လဘ ရဟန်းခံ ရှင်ပြု သီလရှင်ဝတ်ကြမည်ဖြစ်ပါ၍ အမည်စာရင်း ပေးသွင်းနိုင်ကြပါပြီ။ နေ့ဆွမ်း အရုဏ်ဆွမ်း အချိုပွဲ ဖျော်ရည်များကို ဖုန်း-၀၁၂၂၄၆၈၀၊ ၀၉ ၇၉၆၂၆၇၀၇၂ သို့ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။


JAMES COOK UNIVERSITY SINGAPORE

James Cook University Singapore ၏
ပညာသင်ဆုနှင့်ကျောင်းဝင်ခွင့်ဆိုင်ရာ
ပညာရေးဆွေးနွေးပွဲ ...

နေ့ရက် Friday 22 MARCH
အချိန် 10:30am to 4:30 pm
နေရာ AT&S OFFICE @ MICT Park.



- စီးပွားရေးနှင့် နည်းပညာ ဘာသာရပ်များအား Ph.D. ဘွဲ့အထိ တိုက်ရိုက် တက်ရောက် သင်ကြားနိုင်မည့် အကြောင်း ...
- အထက်တန်းနှင့် IGCSE အောင်မြင်ပြီးသူများသည် Pre-Uni Foundation မှတစ်ဆင့် ၂ နှစ်အတွင်း ဘွဲ့ဒီဂရီရယူနိုင်မည့်အကြောင်း...
- စင်ကာပူ မှ ဩစတြေးလျ သို့ ကူးပြောင်းတက်ရောက်နိုင်မည့် နိုင်ငံပေါင်းကူး သင်ကြားမှု အစီအစဉ်အကြောင်း ....
- HND အောင်မြင်ပြီးသူများအတွက် ဘာသာရပ်ကင်းလွတ်ခွင့်များအကြောင်း ....
- MBA နှင့် ပူးတွဲ Master များ ရယူနိုင်မည့် ဘာသာရပ်များ အကြောင်း ....

AT&S International Education Services

အဆောင် (၅)၊ အခန်း (၄)၊ အမ်အိုင်စီတီပက်ခ်၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်။
01 652320, 09 5062161, 09 799 59 59 49 /eduGlobalVillage



မင်္ဂလာပါ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296



"ဖြိုးသစ္စာ"
ဒဂုံမြို့သစ် တောင်ပိုင်း၊ မြောက်ပိုင်း ဆိပ်ကမ်း၊ အရှေ့ပိုင်း မြေကွက်များ ဝယ်လိုပါသည်။
09-448123778
09-420211264
09-420298279



အားလုံးကျန်းမာရေးဒေါ်ကြွယ်သွေးဆေး

ဒေါ်ကြွယ် အမှုငြိမ်း သွေးဆေး
အမှတ်တံဆိပ်

မောပန်းမူးဝေ၊ အိပ်မပျော်၊ စားမဝင်၊ ရင်ပြည့်ရင်ကယ်၊ ဝမ်းဖောဝမ်းရောင်၊ ခေါင်းချွေးထွက်၊ ချိုင်းချွေးနံ၊ မီးယပ်ဖြူဆင်းခြင်းနှင့် သွေးဆုံးရောဂါများကို သုံးစွဲနိုင်ပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR001516(1019)

ဖြန့်ချိရေး-အမှတ်(၁၀၂)၊(၃၈)လမ်းအောက်၊ရန်ကုန်မြို့၊ဖုန်း-၀၁-၃၇၆၈၀၈၊၅၄၉၀၄၂၊၀၉-၄၅၁၀၀၈၉၉၇၊၀၉-၈၅၉၈၄၅၃



CASIO® PRODUCT LAUNCH!
23-3-2019 to 24-3-2019
(JUNCTION SQUARE)







CASIO(musical instruments)
ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲနှင့် အရောင်းပွဲတော်သို့ လာရောက်ဝယ်ယူအားပေးကြသော မိတ်ဆွေများအတွက် ထူးခြားသောအစီအစဉ်များနှင့် လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်သွားပါမည်။
Authorized Distributor : Thaw & Zin Family Co.,Ltd



AVA COURT HEALTHCARE
Fortis

နှလုံးရောဂါဝေဒနာရှင်များအတွက်
AVA COURT HEALTHCARE မှ ကြီးမှူးကျင်းပသော India နိုင်ငံရှိ Fortis ဆေးရုံကြီး၏
ကျန်းမာရေးဟောပြောပွဲအစမ်းအနား



DR.K.M.MANDANA
(ခါရင့်နှလုံးခွဲစိတ်အထူးကုဆရာဝန်ကြီး)

မန္တလေးမြို့
HOTEL HAZEL MANDALAY
နေ့ရက် - ၂၀၁၉ ခုနှစ်၊ မတ်လ (၂၁)ရက် (ကြာသပတေးနေ့)
အချိန် - မွန်းတည့်(၁၂)နာရီ မှ (၂)နာရီထိ
နေရာ - HOTEL HAZEL မန္တလေး
၅၃ လမ်း နှင့် ၃၇လမ်းထောင့်
မဟာအောင်မြေ မြို့နယ်၊ မန္တလေးမြို့။

ရန်ကုန်မြို့
ASIA ROYAL HOSPITAL
-၂၀၁၉ ခုနှစ်၊ မတ်လ(၂၂)ရက် (သောကြာနေ့)
- မွန်းလွဲ (၁)နာရီ မှ (၃)နာရီထိ
- အာရှတော်ဝင်ဆေးရုံကြီး
- အမှတ်(၁၄)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ် ရန်ကုန်မြို့။

စိတ်ပါဝင်စားသူမည်သူမဆို စာရင်းပေးသွင်းနိုင်ပါကြောင်း လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ရန်ကုန်ရုံး
အမှတ်(၅၉)၊ ပန်းလှိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉ ၄၅၃၉ ၅၅၅ ၀၁၊ ၀၉ ၄၅၃၉ ၅၅၅ ၀၂
မန္တလေးရုံး
အမှတ် A1၊ ၅၈လမ်းနှင့်၅၉လမ်းကြား၊ လမ်း(၃၀)၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၇၈၇၇၇၄၉၀၀၊



တိုင်းရင်းမြန်မာ ပတ္တမြားဆေးခန်း
ကျိုးပေါင်းရောဂါ(အထူးကု)
ကုသသောဝေဒနာများ ကျိုးပေါင်းရောဂါအမျိုးမျိုး၊ အမူးရောဂါအမျိုးမျိုး၊
အကြောတက်ရောဂါအမျိုးမျိုး၊ အာရုံကြောအားနည်း ရောဂါအမျိုးမျိုး၊ ဒူးနာ၊ ခါးနာအမျိုးမျိုး၊ အရိုးအတက်ပေါက်၊ အရိုးမှာ ဖြစ်သောဒဏ်အမျိုးမျိုး၊ အကြောမှာဖြစ်သော ဒဏ်အမျိုးမျိုး၊ ဖော်ပြပါရောဂါများတို့ကြောင့် နှစ်ပေါင်းများစွာ စွဲကပ်ခံစားနေရသူများ၊ ၎င်းဝေဒနာသေရှာပါပြီဟု ထင်မှတ်နေရသူများ၊ ပြည်အတွင်းသာမက ပြည်ပနိုင်ငံအသီးသီး နည်းပေါင်းစုံကုသမှုနှင့် မပျောက်ကင်းသူများ၊ ပတ္တမြားဆေးခန်းသို့ ကြွမြန်း ခဲ့ပါ။ စာသားနှင့် လက်တွေ့တစ်ထပ်တည်း ကျမကျ စမ်းသပ် ခံနိုင်ပါသည်။ ဆေးခန်းသို့ လာရောက်မကုသနိုင်သူများ အတွက် ဆေးခန်းသုံးဖြစ်သည့် ရှမ်းထူး ပတ္တမြား အမှတ်တံဆိပ်ပါသော ဆေးခန်းသုံးသောက်ဆေးလိမ်းဆေးများတို့ကို ဝယ်ယူသုံး စွဲနိုင်ပါသည်။ လာရောက် မကုသနိုင်သော ဝေဒနာရှင်များအနေနှင့် သောက်ဆေး လိမ်းဆေးများကို သုံးစွဲလိုပါက ဗူးအတွင်းပါဆောင်ရန်ရှောင် ရန်များတို့ကို သေချာစွာ ဖတ်ရှုပြီး အညွှန်းအတိုင်း လိုက်နာ ဆောင်ရွက်ပါက သက်သာပျောက်ကင်းမည် ဖြစ်ပါသည်။
ဆေးခန်း တည်နေရာ(လမ်း၆၀၊ ၂၉ × ၃၀ကြား ပြည်ကြီးမျက်ရှင်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့)
တဆ ၁၇၆၄ - အသင်းဝင်အမှတ် ၁၆၈၁၊ ဖုန်း၀၉ - ၇၇၃၃၃၃၀၃၇၊ ၀၉ - ၄၀၀၄၀၁၅၄၃

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အမာ (လှည်းတန်း)

မြအေးကြည် (စတိုး)

### အသက် (၈၇) နှစ်

ရန်ကုန်မြို့ တိုက်(၁၆)၊ လှည်းတန်းလမ်းမနေ (ဦးပန်ချာ-ဒေါ်စိုးတင်)တို့၏ သမီး၊ (ဒေါ်စိုးရင်)၏တူမ၊ [ဦးထွန်းရွှေ(ရွှေဘို)]၏ချစ်လှစွာသောဇနီး၊ ဦးမောင်မောင်-ဒေါ်မေစီထွန်း၊ (ဦးဇေယျာမောင်မောင်)-ဒေါ်ရင်ရင်ထွန်း၊ ဒေါ်မေလွင်ထွန်း၊ ဦးကျော်မင်းဦး-ဒေါ်နီနီထွန်းတို့၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်၊ မောင်အောင်အေးချမ်း၊ မပြည့်မှူးကို (Grade-8)တို့၏ ချစ်လှစွာသောအဘွားသည် ၁၈-၃-၂၀၁၉ (တနင်္လာနေ့) နံနက် ၅ နာရီတွင် S.S.C အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမျိုးတင့်(ခ)Ronald Ho

စိန်ပေါလ်ကျောင်းသားဟောင်း

### အသက်(၇၂)နှစ်

ရန်ကုန်မြို့နေ (ဦးကောင်း-ဒေါ်တင်နု)တို့၏ သား၊ ဦးမင်းသန်း-(ဒေါ်မြရင်)တို့၏ သားသမက်၊ ဒေါ်ရင်ရင်သန်း၏ခင်ပွန်း၊ မောင်လင်းထိုက်အောင် (Uniteam marrine)-မယဉ်ငြိမ်းစုလှိုင်၊ မောင်ဉာဏ်လင်းထက်တို့၏ဖခင်၊ မစုရတီလင်းထိုက်၏ အဘိုးသည် ၁၉-၃-၂၀၁၉ (အင်္ဂါနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၃-၂၀၁၉ (တနင်္လာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ရွှေမြင့် (၆၅)နှစ်

စက်မှု-၁၊ ကွေ့/မြေ-ငြိမ်း၊ သန်လျင်ဖန်ချက်စက်ရုံ(ငြိမ်း)

လ/ထ အထွေထွေမန်နေဂျာ၊ ဘဏ္ဍာရေးနှင့်အုပ်ချုပ်ရေးဌာန

အမှတ်(၁)၊ အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း

မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်၊ (၈)ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ်(၄၄၄)၊ (F-3)နေ (ဦးမောင်မောင်ခင်-ဒေါ်အုန်းမြ)တို့၏ သမီး၊ ဒေါ်မြင့်မြင့်ရီ၊ (ဦးမောင်မောင်ယု)-ဒေါ်စန်းစန်းနွယ်(စက်မှု-၁၊ အထည်အလိပ်-ငြိမ်း)၊ (ဦးဂျော်နီပေါ်ထူး)-ဒေါ်မြမြစန်း(စက်မှု-၁၊ ငြိမ်း)၊ (ဦးပက်ထရစ်)၊ ဦးမော်ထူး-ဒေါ်ခင်သီတာဝင်း၊ ဦးပီတာ-ဒေါ်ခင်အုန်းနွဲ့၊ ဦးတိုးတိုးထူး-ဒေါ်သန်းသန်းဝင်း၊ ဦးဝင်းထူး-ဒေါ်ကြည်ကြည်မြင့်၊ ဦးဂျန်မော်တူးရှန်-ဒေါ်မိုးမိုးထူး၊ (ဦးမျိုးအောင်ထူး)တို့၏ ချစ်လှစွာသော ညီမ/အစ်မ၊ ကိုစိုးငြိမ်း(ဂျပန်ဆရာစိုး)-မသီဂီဇော်၊ ကိုအေးမင်းစိုး-မနှင်းနှင်းဇော်၊ Dr.ညွှန့်ဝင်း-Dr.သန္တာဇော်၊ မနှင်းဖြူအေး(Pentastellar Ltd)၊ ကိုကျော်လင်း(Rhinoshield Co., Ltd)-မသင်းယုနွယ်၊ ကိုအောင်ကျော်မိုး(C/E, Gewin Co.,Ltd)၊ ကိုရဲရင့်တူးရှန် (AYA Bank)၊ မဇင်မာထူး၊ ကိုညီဝေယံထက်၊ ကိုနေရဲလင်း၊ မချောကလျာထူး၊ မသန့်သန့်မိုးတူးရှန်တို့၏အဒေါ်၊ မထက်မေမွန်၊ မောင်အောင်မျိုးလင်းတို့၏အဘွားသည် ၁၉-၃-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁ နာရီတွင် ရွှေလမင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၁၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်မာရီ(ခ)မိပက်

### အသက်(၅၇)နှစ်

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်းမ၊ အမှတ်(၁၀၅)၊ အခန်း (၁/က)နေ (ဦးလှရွှေ-ဒေါ်တိုး)တို့၏ သမီးငယ်၊ (ဦးတင်စိန်)-ဒေါ်ဝင်းရွှေတို့၏ သမီးချွေးမ၊ ဦးအောင်ထွဋ် (တည်ဆောက်ရေး-၅၊ ပျဉ်းမနား၊ ဆည်မြောင်း)၏ဇနီး၊ ကိုပြည့်စုံအောင် (တော်ဝင်မိသားစုကုမ္ပဏီ)-မအေးကေခိုင်(KT Group)၊ ကိုထက်ဝေ-မအိမ့်သူအောင်၊ မသက်မြတ်နိုးအောင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးနှစ်ယောက်၏အဘွား ဒေါ်ခင်မာရီ(ခ)မိပက်သည် ၁၉-၃-၂၀၁၉ ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ဆွေမျိုးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးအောင်နိုင်ဦး

(ရောင်နီဦးကုမ္ပဏီလီမိတက်)

### အသက်(၅၄)နှစ်

ရန်ကုန်မြို့ အမှတ်(၁၁၅၅)၊ ဝေဘာလီလမ်း၊ (၂)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်နေ ဦးအေးဝင်း-(ဒေါ်နွဲ့ရီ)တို့၏ သားကြီး၊ ဦးဉာဏ်မြင့်-ဒေါ်အေးအေးခိုင်၊ ဦးစိုးပိုင်-ဒေါ်သီရိ၊ (ဦးမြင့်ဦး)-ဒေါ်သန္တာအေးတို့၏ အစ်ကိုကြီး၊ ဒေါ်ခင်မြမြထွန်း၏ခင်ပွန်း၊ မဟန်နီရွှေစင်၏ ဖခင်သည် ၁၇-၃-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဒေါက်တာမြင့်လွင်

ကလေးအထူးကုဆရာဝန်ကြီး

### အသက်(၆၀)

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်နေ (ဒေါ်ချယ်ရီစိုးမြင့်)၏ခင်ပွန်း ဒေါက်တာမြင့်လွင်သည် ၁၇-၃-၂၀၁၉ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်လွင် မိသားစု**

**ဒေါက်တာချစ်ဦးမိသားစု**

**ဒေါက်တာဝေဖြိုးနောင် မိသားစု**

## ဦးမြင့်သိန်း

မြို့နယ်ဦးစီးအရာရှိ(ငြိမ်း)၊ သမဝါယမဦးစီးဌာန

### အသက် (၈၁) နှစ်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ကျွန်းမြောက်ရပ်ကွက်၊ အမှတ်(၄၄)၊ ပထမထပ်(A)၊ ငှက်ပျောတောလမ်းနေ ဒေါ်တင်တင်အေး(ဒဂုံတက္ကသိုလ်၊ စာရင်းကိုင်အဆင့်-၁)၏ ခင်ပွန်း၊ Capt: သီဟဝင်း-မနှင်းနှင်းမေ၊ ကိုဟံသူ-မခင်ခင်စိန်၊ (မအေးအေးခိုင်)တို့၏ ဖခင်၊ မောင်ထူးအောင်ရှိုင်း-မသဥ္ဇာလင်းထက်၊ မောင်ကောင်းဇင်မြင့်၊ မောင်နေအောင်လွင်၊ မတင်ယမင်းဦး၊ မသွယ်နှင်းဝတီထက်တို့၏အဘိုး၊ မယွန်းနဒီနိုင်၏အဘေးသည် ၁၇-၃-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၃-၂၀၁၉ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

## ဦးမြင့်စိုး (ကျုံကဒတ်) (၇၉)နှစ်

တရားလွှတ်တော်ရှေ့နေ

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျုံကဒတ်ကျေးရွာနေ (ဦးစံခင်-ဒေါ်ထွားတင်)တို့၏ သား၊ (ဦးမောင်မောင်-ဒေါ်ငွေမြ)၊ (ဦးတောင်ကြီး)-ဒေါ်တွတ်ရှိန်၊ (ဦးမြင့်သိန်း-ဒေါ်လှစိန်)တို့၏ မောင်၊ ဦးတင်ရှိန်-ဒေါ်တင်အေး တို့၏ အစ်ကို၊ ရန်ကုန်မြို့နေ (ဦးစံဝေ-ဒေါ်မမကြီး)တို့၏ သားသမက်၊ ဒေါ်နုနု (တရားလွှတ်တော်ရှေ့နေနှင့် နိုတီပပ္ဗလစ်)၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်စိုးသည် ၁၉-၃-၂၀၁၉ (အင်္ဂါနေ့) နံနက် ၅း၃၀ နာရီတွင် ဗဟိုစည်ရဲဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၃-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးတင်စိုး

### အသက် (၇၃) နှစ်

ရန်ကုန်မြို့နေ (ဦးတိုးမောင်-ဒေါ်အေးကျင်)တို့၏သား၊ (ဦးစော်ဘော်ဘီ-ဒေါ်အေးဟန်)တို့၏ သားသမက်၊ မောင်ဇော်သူရ-မတင်မင်းစိုး၊ မောင်ကျော်ဦးလွင်-မမျိုးမင်းစိုး၊ မောင်အောင်အောင်-မနေမင်းစိုး၊ မောင်ဖြိုးမင်းစိုး-မမေနှင်းဝါတို့၏ မွေးသဖခင်၊ မြေးနှစ်ယောက်တို့၏ အဘိုး၊ (ဒေါ်ခင်မျိုးရီ)၏ခင်ပွန်းသည် ၁၉-၃-၂၀၁၉ (အင်္ဂါနေ့) နံနက် ၅း၁၅ နာရီတွင် အနောက်ပိုင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၃-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အမှတ်(၇၆၉)၊ အောင်မင်္ဂလာလမ်း၊ ဟံသာရိပ်မွန်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန်၊ လမ်း၊ တံတား၊ (ရှင်တရား၊ ငဖဲ) ဒါယကာကြီး

## ဦးတင်လှ (ပြည်တွင်းရေကြောင်း-ငြိမ်း)

### အသက်(၆၇)နှစ်

ဒလမြို့ လှိုင်ရိပ်မွန်နေ (ဦးမောင်မောင်ကြီး-ဒေါ်သိန်းညို)တို့၏ သား၊ (ဦးရွှေ-ဒေါ်ရင်ကြည်)တို့၏ သားသမက်၊ ဒေါ်အေးအေးမော်၏ ချစ်လှစွာသောခင်ပွန်း၊ မအိမ်မိုးလှိုင်၊ မသက်စုလှိုင်တို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသဖခင်၊ ဦးသိန်းဟံ-ဒေါ်ခင်လှလှဝင်း တို့၏ ညီ/မောင်၊ ကိုသိန်းနိုင်ဦး-မညွန့်ညွန့်ငွေ၊ ကိုအေးကျော်အောင်-မစန္ဒာမျိုး၊ ကိုထွန်းဝင်း-မစုစုလှိုင်၊ ကိုခင်မောင်သန့်၊ မသက်သက်မာတို့၏ ဦးလေး၊ မြေးငါးယောက်တို့၏ အဘိုးသည် ၁၈-၃-၂၀၁၉ (တနင်္လာနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ပန်းဆိုးတန်း၊ နန်းသီတာဆိပ်ကမ်းမှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## မောင်အောင်ကိုမြတ်(ခ)ကိုပိုင် (မြိတ်)

### အသက်(၄၃)နှစ်

သဃ်္ဃန်းကျွန်းမြို့နယ်၊ အမှတ်(၁၅၅)၊ သုနန္ဒာ(၉)လမ်း၊ သုမင်္ဂလာအိမ်ရာဝင်းနေ (ဦးတုံး-ဒေါ်မြသွယ်)တို့၏ သားထွေး၊ (ဦးကြည်လွင်)-ဒေါ်ဖြူဖြူ၊ ဦးခင်ဝင်း-ဒေါ်မြင့်မြင့်ဝါ၊ ဒေါ်မိုးမိုးဝါ၊ ဦးထိုက်နိုင်စိုး-ဒေါ်လေးမြတ်နွယ်တို့၏မောင်၊ တူ/တူမ ခြောက်ယောက်တို့၏ဦးလေး မောင်အောင်ကိုမြတ်(ခ)ကိုပိုင်သည် ၁၉-၃-၂၀၁၉ (အင်္ဂါနေ့) နံနက် ၈း၃၇ နာရီတွင် ပင်လုံအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၃-၂၀၁၉ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒေါက်တာဦးတင်မောင်ချို (ပါမောက္ခ/ဌာနမှူး၊ ရင်ခေါင်းကုဌာန-ငြိမ်း)-ဒေါ်ငွေကြည်တို့၏ ချစ်လှစွာသောသမီး ဒေါ်စုထွေးချို ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဒေါက်တာကျော်မြင့်နှင့် ရင်ခေါင်းရောဂါ အထူးကုဆရာဝန်ကြီးများ**

# အနိစ္စ

ရဟန်း ဒါယကာကြီး

## ဦးညွှန့်တင်(ခ) ဦးမောင်မောင်လွင်

### အသက်(၇၇)နှစ်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်နေ (ဦးအေးငွေ-ဒေါ်ကြည်မြင့်)တို့၏ သားကြီး၊ (ဦးမောင်သော်-ဒေါ်လှတင်)တို့၏ သားသမက်၊ (ဦးစံလှဘော်)-ဒေါ်ခင်ဆွေမြင့်၊ (ဦးမြင့်သိန်းထွန်း)-ဒေါ်ရီရီငွေ၊ ဦးကျော်ကျော်-ဒေါ်ဖြူဖြူဝင်း၊ (ဦးမင်းသူ)-ဒေါ်အေးအေးဇော်၊ ဦးထင်လင်း-(ဒေါ်ကြူကြူ)တို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ (ဒေါ်အမာစိန်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသိန်းဌေး-ဒေါ်လွင်မာဦး၊ ဦးအောင်ဇေယျ-(ဒေါ်မြင့်မြင့်ခိုင်)၊ ဦးစည်သူအောင်-ဒေါ်နီလာထွန်း၊ ဦးအောင်ချမ်းလွင်-ဒေါ်သိဂီနွယ်ထွေး၊ ဦးစိုးထက်သူ-ဒေါ်အေးဥမ္မာအောင်(Ruby Mart Ygn)၊ ဦးဟန်ဝင်းအောင်-ဒေါ်သက်သန္တာအောင်၊ ဦးဇော်ဝင်းမြင့်-ဒေါ်အိဖြူထွေး၊ ဦးကိုကိုလတ်-ဒေါ်စုစန္ဒာအောင်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေး ၁၄ ယောက်၊ မြစ်တစ်ယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၉-၃-၂၀၁၉ (အင်္ဂါနေ့) နံနက် ၉း၃၅ နာရီတွင် တိုက် (A-၁၂)၊ အခန်း (၃၀၂)၊ ရွှေဝင်းသာအိမ်ရာ၊ သာကေတမြို့နယ်၊ နေအိမ်၌ ကွယ်လွန် သွားပါသဖြင့် ၂၁-၃-၂၀၁၉ (ကြာသပတေး နေ့) ညနေ ၃ နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## တကက အေးမောင် (ငြိမ်း)

ကပ-၅၂၂၈၇၈

### အသက် (၅၉) နှစ်

စစ်တွေမြို့ အောင်မင်္ဂလာ (မြောက်)ရပ်ကွက်နေ (ဦးဝင်းမောင်)-ဒေါ်မြသိန်းတန်တို့၏သား၊ ဒေါ်စောစောအေး၏ခင်ပွန်း၊ ဗိုလ်ကြီးတင်မိုးကျော်-ဒေါ်စန္ဒာဝင်း၊ မခင်ခင်စော (အလပြ)၊ တကက ပြည့်ဖြိုးမောင် (ကပစ-၆)တို့၏ ချစ်လှစွာသော မွေးသဖခင်သည် ၁၉-၃-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁း၁၀ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၂၁-၃-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ်-၃၂၃၊ ထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်ရင်း တကက ဝင်းတင်နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၃-၂၀၁၉ (တနင်္လာနေ့) နံနက် ၈ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးထွန်းဇော်ဝင်း(ခ)ပေါက်စ

### အသက် (၄၇) နှစ်

ရန်ကုန်မြို့ (၃၁)လမ်း(အထက်လမ်း)၊ အမှတ်(၁၉၄)နေ (ဦးတင်ဝင်း-ဒေါ်ခင်သက်)တို့၏ သား၊ ဒေါ်နန်းသက်ဝင်း၊ ဦးသန်းဇော်ဝင်း-ဒေါ်မေမြတ်မွန်၊ ဦးမောင်မောင်လွင်-ဒေါ်နန်းစုဝင်းတို့၏ ညီ/မောင်၊ တူ/တူမ ငါးယောက်တို့၏ ဦးလေး ဦးထွန်းဇော်ဝင်း(ခ)ပေါက်စသည် ၁၉-၃-၂၀၁၉ ရက် နံနက် ၈း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၇း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၃-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တသုစိတ္တသာရ (သာသနဓဇဓမ္မာစရိယ)

(နေပြည်တော်တိုင်း ဝိနည်းဓိုရ်၊ မြို့နယ်သံဃာ့ဝန်ဆောင်၊ ရပ်ကွက်သံဃာ့နာယကဥက္ကဋ္ဌ)

(ရတနာမာရ်အောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက)

### သိက္ခာတော်(၄၃)ဝါ၊ သက်တော်(၆၃)နှစ်

နေပြည်တော်၊ လယ်ဝေးမြို့ (၁)ရပ်ကွက်၊ ရတနာမာရ်အောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနဆရာတော် ဘဒ္ဒန္တသုစိတ္တသာရ အရှင်သူမြတ်ကြီးသည် (၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၃ ရက်)၊ ၁၈-၃-၂၀၁၉ (တနင်္လာနေ့) ည ၉ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်)၊ ၂၂-၃-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ကျောင်းတိုက်၌ သာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပပြီး စမ်းကလေးသုသာန်သို့ ပို့ဆောင်ကာ အန္တိမအဂ္ဂိစျာပန ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း တပည့်သံဃာ၊ ဒါယကာ/ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

စျာပနဖြစ်မြောက်ရေးကော်မတီ

ရတနာမာရ်အောင်ပရိယတ္တိစာသင်တိုက်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသန်းစိန်

လက်ထောက်ညွှန်မှူး(ငြိမ်း)၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန

### အသက် (၈၅) နှစ်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အဿက(၂၄)လမ်း၊ အမှတ်(၇၂၅)နေ (ဦးသင်း-ဒေါ်ငယ်)တို့၏ သား၊ ဦးခင်မောင်ချစ်-ဒေါ်ခင်သန့်ဇင်၊ ဦးမောင်မောင်-ဒေါ်ခင်သန့်လွင်၊ ဦးဇော်နိုင်-ဒေါ်ခင်ငွေရီတို့၏ အစ်ကိုကြီး၊ ဒေါ်ခင်ခင်မြ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသော်ဇင်သန်း-ဒေါ်တိုးတိုးမင်း၊ ဦးအောင်မြင်သန်း-ဒေါ်ချိုချိုတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မရွှန်းလဲ့သော်ဇင်၊ မစိုးဆင့်စံ၊ မောင်လင်းသစ်အောင်တို့၏ အဘိုးသည် ၁၉-၃-၂၀၁၉ (အင်္ဂါနေ့) မွန်းလွဲ ၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၃-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး

## ဒေါ်ခင်နှင်းလွင် (တောင်ကြီး)

### အသက် (၈၂) နှစ်

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ တိုက်(၃၃၂)၊ အခန်း(၁၆)နေ (ဦးရွှေသာထွေး-ဒေါ်သန်းကြည်)တို့၏သမီးကြီး၊ [ဦးဖိုးကျော်(တောင်ငူ)-ဒေါ်အေးစိန်]တို့၏ သမီးချွေးမ၊ (ဒေါ်ခင်နှင်းဖြူ)၊ (ဦးခင်မောင်မြင့်)တို့၏အစ်မကြီး၊ ဗိုလ်မှူးတင်အုန်း(လေယာဉ်မှူး-ငြိမ်း၊ မြန်မာ့လေကြောင်း၊ တပ်မတော်-လေ၊ ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးရဲနိုင်(C/E-SJS, B.E, Mech-83)-ဒေါ်ခင်ငွေမြင့်၊ ဦးမင်းနိုင်-ဒေါ်အေးလဲ့ညို၊ ဦးဘုန်းနိုင်၊ ဦးလင်းနိုင်-(ဒေါ်လှလှမွန်)၊ [ဗိုလ်မှူးဇော်နိုင်မြင့်(DSA-24)]-ဒေါ်မော်မော်နိုင်၊ ဦးသူရစိုး-ဒေါ်စန္ဒာနိုင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးရှစ်ယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၉-၃-၂၀၁၉ (အင်္ဂါနေ့) နံနက် ၈း၁၅ နာရီတွင် ရန်ကုန်မြို့ ခုတင်(၅၀၀) အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၃-၂၀၁၉ (စနေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၃-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

## ဦးမြင့်စိုး (ကျုံကဒတ်)

တရားလွှတ်တော်ရှေ့နေ

### အသက် (၇၉) နှစ်

ရန်ကုန်မြို့ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ်(၂၇-A2)၊ သံလမ်းနေ (ဦးစံခင်-ဒေါ်ထွားတင်)တို့၏ သား၊ (ဦးစံဝေ-ဒေါ်မမကြီး)တို့၏ သားသမက်၊ ဒေါ်နုနု(တရားလွှတ်တော်ရှေ့နေနှင့် နိုတီပပ္ဗလစ်)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုကျော်နိုင်စိုး၊ ကိုကျော်သီဟစိုး-မဆန်းသော်တာအောင်၊ ကိုသူရဝင်းဟိန်း-မစိုးမြတ်နန္ဒာတို့၏ မွေးသဖခင်၊ မြေးငါးယောက်တို့၏အဘိုး ဦးမြင့်စိုးသည် ၁၉-၃-၂၀၁၉ (အင်္ဂါနေ့) နံနက် ၅း၃၀ နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၃-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၅-၃-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံခွန်တိုင်၊ ရေကန်၊ တန်ဆောင်း ဒါယကာကြီး

## ဦးအောင်မျိုးဇင် (B.A-History)

Second Engineer

CDC-71953

### အသက် (၅၆) နှစ်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ စေတနာလမ်း၊ အမှတ်(၅)၊ (၃/၄)လွှာနေ (ဗိုလ်ကြီးဇင်မောင်-ဒေါ်ခင်အေးမြင့်)တို့၏ ချစ်လှစွာသော သားကြီး၊ ဗိုလ်မှူးသိန်းဝင်း(ငြိမ်း)-ဗိုလ်မှူးဒေါ်သီသီဇင်(ငြိမ်း) (AGM-MEC)၊ ဒေါက်တာနေဝင်း(ဒုစက်ရုံမှူး)-ဗိုလ်ကြီးဒေါ်ရီရီလွင်(ငြိမ်း)(အလုပ်ရုံမှူး-သာပေါင်း) တို့၏ချစ်လှစွာသောမောင်၊ ဦးကျော်ခင်ဇော်(ဦးစီးမှူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)-ဒေါ်ချယ်ရီစိုး(ကြီး/မှူး-MICB)၊ ဒေါက်တာဆွေဆွေဇင် (တွဲဖက်ပါမောက္ခ၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်)၊ ဒေါက်တာချိုချိုသွင်(တွဲဖက်ပါမောက္ခ၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်)၊ ဦးသန့်ဇင်(လက်ထောက် မန်နေဂျာ၊ IGE Power Co., Ltd)-ဒေါ်နှင်းယုဇင်(ဒု-ကြီး/မှူး၊ MFTB)တို့၏ချစ်လှစွာသော အစ်ကိုကြီး၊ ဒေါက်တာမြတ် မွန်ဇင်သိန်း(လ/ထဆရာဝန်-ခွဲစိတ်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ ဗိုလ်ကြီးရဲရင့်သိန်း(ဆေးမှူး၊ နေပြည်တော်)၊ မအိမွန်သူ(ကမ္ဘောဇဘဏ်)၊ မောင်ကောင်းထက်ရွှေ၊ မချောသန့်ဇင်၊ မောင်ခန့်သန့်ဇင်တို့၏ ချစ်လှစွာသော ဦးလေး/ဘကြီးသည် ၁၈-၃-၂၀၁၉ (တနင်္လာနေ့) ည ၁၀း၂၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ကြေးမုံ


မတ် ၂၀၊ ၂၀၁၉

# တပ်မတော်ညှိနှိုင်းဆွေးနွေးရေးအဖွဲ့နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၁၉**

တပ်မတော်ညှိနှိုင်းဆွေးနွေးရေးအဖွဲ့နှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) အဖွဲ့မှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီအဖွဲ့သည် ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ပေါင်းလောင်းရိပ်သာ၌ တွေ့ဆုံဆွေးနွေးကြသည်။

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ✪**



မြန်မာအသင်းတောင်ပံကစားသမား မောင်မောင်လွင် တရုတ်(တိုင်ပေ)အသင်းဘက်သို့ ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးပမ်းနေစဉ်။

# မြန်မာနှင့် တရုတ်(တိုင်ပေ)အသင်း ခြေစမ်းပွဲ ဂိုးမရှိသရေကျ

**မန္တလေး မတ် ၁၉**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)အသိအမှတ်ပြု နိုင်ငံတကာခြေစမ်းပွဲအဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် တရုတ်(တိုင်ပေ) လက်ရွေးစင်အသင်းတို့ ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိအားကစားကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေဖြင့် အဆုံးသတ်ခဲ့သည်။

၂၀၁၈ ဆူဇူကီးဖလားပြိုင်ပွဲနောက်ပိုင်း ၂၀၁၉ ခုနှစ်၏ ပထမဆုံး နိုင်ငံတကာပွဲတွင် မြန်မာ့လက်ရွေးစင်အသင်းသည် သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရသည်။ မြန်မာအသင်းသည်

**စာမျက်နှာ ၁၃ ကော်လံ ၅ သို့ ❒**

## (၂၀၂၀) အာရှ ယူ - ၂၃ ခြေစစ်ပွဲ ပွဲစဉ်များ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၁၉**

(၂၀၂၀) အာရှ ယူ -၂၃ ဘောလုံးပြိုင်ပွဲခြေစစ်ပွဲ ပွဲစဉ်များအနက်မှ မြန်မာယူ-၂၃ ဘောလုံးအသင်းပါဝင်သည့် အုပ်စု(ဈ) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ရာ မြန်မာယူ-၂၃ ဘောလုံးအသင်းသည် မတ် ၂၂ ရက် ညနေ ၆ နာရီတွင် တီမောလက်စ်တေ ဘောလုံးအသင်းနှင့်လည်းကောင်း၊ မတ် ၂၄ ရက် ညနေ ၆ နာရီတွင် မကာအိုဘောလုံးအသင်းနှင့်လည်းကောင်း၊ မတ် ၂၆ ရက် ညနေ ၆ နာရီတွင် ဂျပန်ဘောလုံးအသင်းနှင့်လည်းကောင်း ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။

အဆိုပါဘောလုံးပွဲစဉ်များကို ယင်းနေ့ ညနေ ၅ နာရီ ၄၅ မိနစ်မှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ခြေစမ်းပွဲအတွက် အပြီးသတ်လူရွေးချယ်

**မန္တလေး မတ် ၁၉**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် မတ် ၂၁၊ ၂၃ ရက်တွင် ဗီယက်နမ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားရန် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ဗီယက်နမ်နှင့်ခြေစမ်းပွဲ၊ ဧပြီလတွင် ယှဉ်ပြိုင်ရမည့် အိုလံပစ်ခြေစစ်ပွဲအတွက် မတ် ၁၈ ရက်မှစ၍ မန္တလေးမြို့၌ စတင်လေ့ကျင့်လျက်ရှိသည်။

မြန်မာအမျိုးသမီးအသင်းသည် ဂိုးသမား မေသဇင်ထွန်းကို အပြီးသတ်လူစာရင်းမှ ချန်လှပ်ခဲ့သော်လည်း အသင်းတွင် ဆက်လက်ထားရှိကာ လေ့ကျင့်မှုပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း

**စာမျက်နှာ ၁၃ ကော်လံ ၅ သို့ ❖**



မြန်မာအမျိုးသမီးအသင်း မန္တလေးမြို့၌ လေ့ကျင့်နေစဉ်။

## ကြေးမုံ သတင်းအညွှန်း




### ကလေးစာပေပွဲတော် (ပူတာအို) ဒုတိယနေ့ ဆက်လက်ကျင်းပ

စာမျက်နှာ » ၈

### ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများအား သောက်သုံးရေ သွားရောက်လှူဒါန်း

စာမျက်နှာ » ၁၃



Shwe La Min Hospital



ရွှေလမင်းဆေးရုံများတွင် မြန်မာ့နှစ်သစ်ကူးအတာသင်္ကြန်ကိုကြိုဆိုသောအားဖြင့်(၁၅.၃.၂၀၁၉ မှ ၁၅.၅.၂၀၁၉)ရက်နေ့အတွင်း အခန်းခများကို 25% Discount နှင့် ကျန်းမာရေးစစ်ဆေးခြင်း (Medical Check Up Package)များကို အထူးလျှော့ဈေးပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်သည်။

ရွှေလမင်းဆေးရုံ(၁) : အမှတ်(၁၂၅၄)၊ သုဓမ္မာလမ်းမကြီး၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ Hot Line : 01-655612

ရွှေလမင်းဆေးရုံ(၂) : အမှတ်(၁၅/၁၉)၊ ဖော်ကိုလမ်း၊ လမ်းမတော်မြို့နယ်။ Hot Line : 01-2301949

ရွှေလမင်းဆေးရုံ(၃) : အမှတ်(၃၂)၊ ဗိုလ်စောမောင်လမ်း၊ ရုံးကြီးရပ်ကွက်၊ ဟသ်ာတမြို့။ Ph:044-2021375,2022799

ရွှေလမင်းဆေးရုံ(၄) : အမှတ်(၁)၊ မြို့ရှောင်လမ်း၊ ဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့။ Ph-057-2026202,2026855